
မင်းမြတ်သူရ
နေသူရိန်
ကျောင်းတော်သား

မြန်မာနိုင်ငံ၏ ထိပ်ဖျားတွင် လွန်စွာထူးဆန်း၍ လွန်စွာလျှို့ဝှက်သော တိဘက်ဟူသည့် အိမ်နီးချင်းဒေသလေးတစ်ခု ရှိပါသည်။

တိဘက်ဒေသသည် ကမ္ဘာ့အထူးဆန်းဆုံး အလျှို့ဝှက်ဆုံး ဒေသလေးပင် ဖြစ်၏ ။ တိဘက် ဒေသ၏ အုပ်ချုပ်ရေးတာဝန်ကို သာသနာဝန်ထမ်း လားမားဘုန်းတော်ကြီးများက အုပ်ချုပ်ပြီး ဒေသ၏ အမြင့်ဆုံး အာဏာပိုင်မှာ တလိုင်းလားမား ကိုယ်တော်ကြီး ဖြစ်၏ ။

တိဘက်သည် ကမ္ဘာ့ အမြင့်မားဆုံးအရပ်ဖြစ်သဖြင့် ကမ္ဘာ့ခေါင်မိုးဟု တင်စား ခေါ်ဝေါ် ကြ၏ ။ ကမ္ဘာပေါ်တွင် ရွှေအပေါ်ဆုံး အရပ်ဒေသလည်း ဖြစ်၏ ။

ကမ္ဘာ့ရာသီဥတု အကြမ်းတမ်းဆုံး ဒေသလည်း ဖြစ်၏ ။ ရာသီဥတုမှာ မွန်းတည့်ချိန်တွင် အလွန်ပူပြင်း၍ ညအချိန်သို့ ရောက်သောအခါ ရေခဲအမှတ်အောက်ရောက်အောင် အပူချိန် ကွာခြားမှု ပြင်းထန်၏ ။

ထို့ကြောင့်ပင် တိဘက်တွင် အသက်ရှင်နေထိုင်ရေးမှာ အခြားဒေသတွင် နေထိုင်ရေး ထက် ပိုမိုခက်ခဲကြမ်းတမ်းလေ၏ ။

တိဘက်ဒေသသည် ကမ္ဘာ့မည်သည့်နိုင်ငံနှင့်မျှ အဆက်အသွယ်မလုပ်ဘဲ တသီးတခြား နေထိုင်လေ့ရှိ၏ ။

တိဘက်တွင် ထူးဆန်းလျှို့ဝှက်သော ဂမ္ဘီရပညာရပ်များရှိ၏ ။ ဂမ္ဘီရပညာရှင်များလည်း ပေါများ၏ ။

ဝိဉာဉ်လွှင့်ခြင်းအတတ်ပညာသည် တိဘက်ဒေသတွင်

အလွန်ထွန်းကား၏။ ဝိဉာဉ်လွတ် ခြင်းနှင့် ပတ်သက်၍ လွန်စွာ အစွမ်းထက်သော ရိုးရာဆေးပညာလည်း ရှိ၏။ ကမ္ဘာအရပ်ရပ်ရှိ ရောဂါဝေဒနာရှင်များသည် တိဘက်သို့ ရောက်အောင်လာ၍ ဝေဒနာကုသလေ့ရှိ၏။

လူတစ်ယောက်ကို မြင်ရုံဖြင့် ဤသူသည် လူကောင်းလား၊ လူဆိုးလေား မကြာမီရောဂါ ဖြစ်တော့မည်လော စသည်ဖြင့် မြင်ရုံဖြင့် ပြောဆိုနိုင်သော သမားတော်များလည်း ရှိ၏။ ထိုသို့ အမြင်ပေါက်သူများကို တတိယမျက်လုံးရသူဟု ခေါ်ဆိုကြ၏။

တိဘက်ဒေသ သူတို့သည် ဗုဒ္ဓ၏ တရားတော်ကို ကိုးကွယ်ယုံကြည်ကြပြီး ရောင့်ရဲတင်းတိမ် လွယ်သူများဖြစ်၏။ အလုပ်ပင်ပန်းလုပ်ကိုင်ခြင်းသည် တဏှာလောဘကြီးခြင်းဟု ယုံကြည့်ကြ၏။

ထို့ကြောင့် တိဘက်ဒေသကို ရောက်လျှင် အလုပ်ကို အေးအေးမှန်မှန် လုပ်ကိုင်နေသူများ ကိုသာ မြင်တွေ့ရမည် ဖြစ်၏။

တိဘက်ဒေသသည် ကျဉ်းမြောင်းသည်ဆိုသော်လည်း ဗြိတိသျှကျွန်းစုထက် ၈ ဆခန့် ကြီး၏။ တိဘက်ဒေသ၏ မြေကြီးအောက်တွင် ရွှေတန်ချိန် များစွာရှိ၏။

ရွှေကို ရေထဲတွင် ကျင်ယူစရာမလိုဘဲ တူးဆွလိုက်ရုံဖြင့် အတုံးလိုက်၊ အခဲလိုက် ပေါများ သော အရပ်လည်း ဖြစ်၏။

ထိုမျှ ရွှေပေါသော ဒေသဖြစ်၍ တိဘက်ဒေသသားတို့သည် ရွှေကို တန်ဖိုးထားရကောင်း မှန်းမသိဘဲ အဝါရောင်သတ္တုဟုသာ ယူဆကြ၏။

တိဘက်ဒေသ၏ ချန်ကန်ကုန်းမြင့်ရှိ ချောင်းများတွင် သဲမှုန့်များ အစား ရွှေမှုန့်များ ရှိနေ၏။ ထို့ကြောင့် တိဘက်ဒေသသားတို့သည် ရွှေမှုန့်များကို အရေကျိုပြီး ဘုရားဆင်းထုများ၊ နတ်ရုပ် များ စသည့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာများကို ပြုလုပ်လေ့ရှိ၏။

တိဘက်ဒေသတွင် လွန်စွာ ထူးဆန်း၍ လွန်စွာလျှို့ဝှက်သော အထပ္ပနဗေဒင်ပညာလည်း ရှိ၏။ ထိုပညာကို တိဘက်ဒေသသားတို့ လွန်စွာယုံကြည်ကြ၏။

ကလေးငယ်တစ်ယောက် မွေးဖွားချိန်မှစ၍ ဗေဒင်ပညာရှင်များကို ခေါ်ယူ၍ ကလေးငယ် ၏ အနာဂတ်ကို ဟောကြားစေခဲ့၏။

တိဘက်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ ကိစ္စများတွင် အဓိက ပါဝင်သူများမှာ လားမား ဘုန်းတော်ကြီးများပင် ဖြစ်၏။

ဘုန်းတော်ကြီးများသည် ဗုဒ္ဓစာပေကျမ်းဂန်သာမက တိုက်ခိုက်ရေးပညာ၊ ဆေးပညာ စသည့်ဖြင့် အဖက်ဖက်မှ ထူးချွန်ကြ၏။

ဤမျှ လျှို့ဝှက်၍၊ ဤမျှ ထူးဆန်းသောဒေသရှိ ဆက်ပိရိကျောင်းတော်သားလေး တစ်ယောက်၏ ခက်ခဲကြမ်းတမ်းသော ကျောင်းသားဘဝနှင့် စွန့်စားအဖုံဖုံကို ဤစာအုပ်တွင် ဖော်ပြထားပါသည်။

***

တစ်နေ့သ၌ တိဘက်ဒေသ ဆက်ပိုရိမြို့ရှိ ဘုန်းကြီးကျောင်းဝင်းအရှေ့သို့ ဖျင်းကြမ်းအင်္ကျီ နှင့် ဘောင်းဘီတိုကို ဝတ်ဆင်ကာ အိတ်ကြီးတစ်လုံးကို လွယ်ထားသော အသက်တစ်ဆယ့် လေးနှစ်အရွယ် လူရွယ်တစ်ဦး ရောက်ရှိလာလေ၏။

လူရွယ်သည် အလွန်ဝေးကွာသော ချင်တန်အရပ်မှ လာသည်ဖြစ်၍ ကျောင်းတော်ခံ့ခါးဝ တွင် အိတ်ကြီးကိုချ၍ ခြေပစ်လက်ပစ်ထိုင်ကာ အမောဖြေနေလိုက်၏။

ခဏကြာမှ အမေပြောသလိုရှိသည်နှင့် အိတ်ကြီးထဲမှ ဆီစိမ်စက္ကူဖြင့်

ထုပ်ထားသော အထုပ်ကလေးတစ်ခုကို ဖြေလိုက်၏ ။

အထုပ်ကလေးထဲတွင် အလွန်သေးငယ်သော ဓားလှီးမုန့်လေးတစ်ခုရှိ၏ ။

လူရွယ်သည် ဓားလှီးမုန့်လေးကို ဆာဆာနှင့် စားသောက်လိုက်ပြီး ရေဘူးကိုထုတ်ကာ ရေကို တဝကြီးသောက်လိုက်ပြန်၏ ။

ထိုအခါမှပင် ဗိုက်ပြည့်သွားသလိုရှိပြီး တံခါးအနီးသို့ သွားကာ ရွှေရောင်သံကွင်းကြီး နှစ်ကွင်းကို တဒုန်းဒုန်းမြည်အောင် လှုပ်ခါလိုက်၏ ။

ခဏကြာသောအခါ တံခါးကြီးပွင့်သွားပြီး လွန်စွာထွားကျိုင်းသန်မာသော လူကြီးတစ်ဦး ထွက်လာသော လူရွယ်အားမနှစ်မြို့ဟန်ဖြင့် ကြည့်၍

“ ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် ကျောင်းတော်ကြီးမှာ စာသင်ချင်လို့ ရောက်လာတာပါ”

ဟု ပြောလေ၏ ။ လူထွားကြီးက လူရွယ်ကို မျက်မှောင်ကြုတ်ကြည့်၍

“ စာသင်မဲ့ကောင်က ဒီလောက်မိုက်ရိုင်းနေရင်တော့ တို့ကျောင်းတော်ကြီးရဲ့ ဂုဏ်သိက္ခာ ကျဆင်းတော့မှာပဲ၊ မင်းတို့လို ကောင်းလေးတွေပေ့ါ၊ စာသင်ချင်တယ်ဆိုပြီး ရောက်လာတယ်၊ ပြီးတော့ စည်းကမ်းတင်းကျပ်လို့ မနေနိုင်ဘူးဆိုပြီး ထွက်ပြေးကြတယ်၊ နောက်ဆုံးသော တို့ကျောင်းပဲ သိက္ခာကျတယ်”

ဟု မကျေမနပ် ရေရွတ်လေ၏ ။ လူရွယ်က ခေါင်းခါ၍

“ ကျွန်တော်က ဒီလိုကျောင်းသားမျိုး မဟုတ်ပါဘူး ခင်ဗျာ၊ စာပေပညာကို မတက်တက် အောင်သင်မယ်လို့ ဆုံးဖြတ်ထားပါတယ်”

ဟု ပြောလေ၏ ။

လူသန်ကြီးကမူ လူရွယ်၏ စကားကို မယုံကြည်ဟန်ဖြင့် မျက်နှာရှုံ့မဲ့လိုက်ပြီး

“ ကြည့်ကြသေးတာပေါ့ကွာ၊ ကဲ . . . စကားမရှည်နဲ့ ကောင်လေး၊ ငါ့နောက်က လိုက်ခဲ့ ပေတော့၊ မင်းကို ကိုရင်ထိန်း ဆရာတော်ကြီးဆီ ပို့ပေးမယ်”

ဟု ပြောကာ ကျောင်းတော်ကြီးထဲသို့ ခေါ်ဆောင်သွားလေ၏ ။

ကျောင်းဝင်းကြီးထဲတွင် အဆောက်အအုံပေါင်းများစွာရှိပြီး လွန်စွာသန့်ရှင်းစင်ကြယ် ကြောင်း တွေ့ရလေ၏ ။ လူရွယ်သည် လူထွားကြီးခေါ်ဆောင်ရာသို့ လိုက်ပါသွားပြီး ကျောင်းတိုက် တစ်ခု သို့ ရောက်ရှိသွားလေ၏ ။

ကျောင်းတိုက်အရှေ့တွင် ဒူးထောက်၍ ထိုင်နေသော လူရွယ်လေးဦးကို တွေ့ရသဖြင့် အံ့သြသွားလေ၏ ။

ထိုလူရွယ်များသည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်း မရှိဘဲ ငြိမ်သက်စွာ ထိုင်နေ သဖြင့် ဒဏ်ခံနေရသကဲ့သို့ ရှိလေ၏ ။

ထိုအခိုက်မှာပင် ကျောင်းတိုက်အရှေ့မှ ဘုန်းကြီးတစ်ပါးထွက်လာပြီး လူသန်ကြီးနှင့် လိုက်ပါလာသော လူရွယ်ကို ကြည့်ကာ ထွက်လာပြီး လူသန်ကြီးနှင့် လိုပ်ပါလာသော လူရွယ်ကို ကြည့်ကာ

“ မင်းနာမည် ဘယ်လိုခေါ်သလဲ”

ဟု မေးမြန်းလေ၏ ။ လူရွယ်က

“ ကျွန်တော့် နာမည် မျိုးချစ်လို့ ခေါ်ပါတယ်”

ဟု ဖြေလေ၏ ။ ဆရာတော်က လူရွယ်၏ အဖြေကြောင့် မျက်မှောင်ကြုတ်၍

“ မျိုးချစ် ၊ မျိုးချစ် ဆိုတာ တိဘက်နာမည်လည်း မဟုတ်ပါလား”

ဟု ရေရွတ်လေ၏။ လူရွယ်က ခေါင်းညိတ်၍

"ဟုတ်ပါတယ်၊ ကျွန်တော်က တိဘက်လူမျိုး မဟုတ်ပါဘူး၊ မြန်မာလူမျိုးပါ၊ အဒေါ်က ကျွန်တော်ခါလည်းသား အရွယ်ကတည်းက မြန်မာပြည်က ကုန်သည်တစ်ယောက်ဆီက ခေါ်ပြီး မွေးစားခဲ့တာပါ"

ဟု ဖြေလေ၏။ ဆရာတော်က သက်ပြင်းချ၍

"မင်းရဲ့ မိဘအရင်းအခြာတွေက မရှိတော့ဘူးလား"

ဟု မေးမြန်းလေ၏။ လူရွယ်က သက်ပြင်းချ၍

"အဖေနဲ့ အမေ သေပြီလို့ သိရပါတယ်"

ဟု တီးတိုးပြောလေ၏။ ဆရာတော်က ခေါင်းညိတ်၍

"အေး . . ကျောင်းတော်ကြီးရဲ့ စည်းကမ်းအဂတော့ စာသင်ချင်တဲ့လူကို လက်ခံရိုး ထုံးစံ ရှိပါတယ်၊ ဒါပေမဲ့ သင်ကြားမှုတွေက အလွန်ပြင်းထန်တယ်၊ တော်ရုံတန်ရုံ ဖွဲ့သတ္တိနဲ့တော့ သင်ပေးလို့ မဖြစ်နိုင်ဘူး၊ မင်းရဲ့ လုံ့လဝီရိယကိုတော့ စမ်းသပ်ဦးမှပဲ"

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဆရာတော်က ကျောင်းတိုက်အရှေ့တွင် ဒူးထောက်ထိုင်နေသော လူရွယ် လေးဦးကို မျက်လုံးဝေ့ကြည့်၍

"မင်းသူတို့နဲ့အတူ ဒူးထောက်ပြီး ထိုင်နေရမယ်၊ ဒူထောက်နေရာကနေ တစ်နေ့လုံး လုံးဝ မထရဘူး၊ စကားမပြောရဘူး၊ အစားအစာလည်း စားခွင့်မပြုဘူး၊ ရေဆာရင်တောင် မသောက်ရ ဘူး၊ ဒါ စည်းကမ်းပဲ၊ စည်းကမ်းကို မလိုက်နာရင်တော့ ကျောင်းတော်က လက်မခံနိုင်ဘူး"

ဟု ပြောလေရာ မောင်မျိုးချစ်က ခေါင်းညိတ်၍

“ ကျွန်တော် လိုက်နာပါမယ် ခင်ဗျား၊ ဒူးထောက်ပြီး အချိန်ဘယ်လောက်ကြာကြာ နေရမှာလဲ”

ဟု မေးမြန်းလေ၏ ။ ဆရာတော်က မျိုးချစ်၏ မျက်နှာကို စူးစိုက်ကြည့်၍

“ အချိန်အကန့်အသတ်မရှိဘူး၊ နှစ်ရက် သုံးရက်ဖြစ်ရင်လည်း ဖြစ်မယ်၊ တစ်ပတ် ဆယ်ရက်ဖြစ်ရင်လည်း ဖြစ်မယ်”

ဟု ပြောလေရာ မျိုးချစ်သည် မျက်လုံးပြူးသွားလေ၏ ။ မည်သည့်အစားအစာမျှ မစားသောက်ရဘဲ ရက်ပေါင်းများစွာ ဒူးထောက်ပြီး အရုတ်တစ်ရုပ်ကဲ့သို့ ထိုင်နေရမည်ဆိုပါလား။

မည်သို့ပင်ဖြစ်စေ အခက်အခဲဟူသမျှ ရင်ဆိုင်ရပေတော့မည်။ ကျောင်းတော်တွင် စာသင်ခွင့်ရရန် မရမနေ ကြိုးစားမည်ဟူသော ဆုံးဖြတ်ချက်နှင့် အိမ်က ထွက်လာခြင်း ဖြစ်၏ ။

ထို့ကြောင့် လူရွယ်လေးဦးနှင့် မလှမ်းမကမ်းသို့ သွားရောက်၍ ဒူးထောက်ထိုင်နေလိုက်၏ ။

ဆရာတော်နှင့် လူသန်ကြီးသည် အနားမှ ပြန်လည်ထွက်ခွာသွားပြီး ခဏအကြာတွင် ကိုရင်လေးတစ်ဦးသည် မျိုးချစ်တို့အနီးတွင် ထိုင်၍ စောင့်ကြည့်နေလေ၏ ။

မျိုးချစ်သည် ညနေစောင်းသောအခါ ဒူးများနာကျင်လာပြီး ဗိုက်ထဲတွင် ဆာလောင်လာ၏ ။ စကားမပြောရ၊ ရေမသောက်ရဘဲ ငြိမ်သက်စွာထိုင်နေရသဖြင့် ဆင်းရဲဒုက္ခ ရောက်နေရှာ၏ ။

သူနှင့်အတူ ဒူးထောက်ထိုင်နေသော လူရွယ်လေးဦးကို မသိမသာလှမ်းကြည့်သောအခါ ထိုလူရွယ်များမှာလည်း

မျက်စိမျက်နှာပျက်နေကြောင်း တွေ့ရလေ၏။

မျိုးချစ်တို့အနီးသို့ ဘုန်းကြီးနှင့် ကိုရင်အချို့ ဖြတ်သွားဖြတ်သွားလာရှိကြသော်လည်း မည်သူမျှ ဂရုစိုက်ကြည့်ခြင်း မရှိပေ။

၎င်းတို့အတွက် ထိုမြင်ကွင်းမျိုးသည် ရိုးအိနေဟန် ရှိဟန်၏ ။

ကျောင်းတော်ရှိ ခွေးအချို့သည်သာ မျိုးချစ်တို့အနီးသို့ ရောက်ရှိလာပြီး ကိုယ်ခန္ဓာကို တရှုံ့ရှုံ့နမ်း၍ အကဲခတ်ကြလေ၏ ။

ဤသို့ဖြင့် နေဝင်သွားသောအခါ မျိုးချစ်တို့ကို စောင့်ကြည့်နေသော ကိုရင်လေးသည် ခွေးခြေပုလေးကို ယူဆောင်ကာ ပြန်လည်ထွက်ခွာသွားလေ၏ ။ မျိုးချစ်တို့ လူရွယ်များသည် ဒူးထောက်လျှက်ပင် ကျန်နေရစ်ခဲ့၏ ။

ညမောင်ရီသန်းစပြုသောအခါ ကျောင်းတော်ကြီးအတွင်းရှိ အဆောင်များသည် ထောပတ် ဆီမီးခွက်များကို ထွန်းညှိလိုက်ကြ၏ ။

အတန်ကြာသောအခါ ခြင်းတောင်းလေးတစ်ခုကို ကိုင်ထားသော ဘုန်းကြီးအိုကြီးတစ်ဦး သည် အနီးသို့ ရောက်ရှိလာပြီး

"လူကလေးတို့ ခဏနားကြပါ ပြီးရင် အစားအစာတွေစားကြပါ"

ဟုပြောလေရာ မျိုးချစ်က မျက်လုံးပြူးသွားပြီး

"ကျွန်တော်တို့ စည်းကမ်းဖောက်သလို ဖြစ်နေပါမယ်"

ဟု စိုးရိမ်ဟန်ဖြင့် ပြောလေ၏ ။ ဘုန်းကြီးအိုကြီးက ခေါင်းခါ၍

"ဒူးထောက်ထိုင်နေရမယ်ဆိုတဲ့ စည်းကမ်းဟာ နေဝင်သွားတာနဲ့ ပျက်ပြယ်သွားပါပြီ ဒီအချိန်ကစပြီး နေသာသလိုနေပါ အစားအစာတွေကို စားသောက်ပါ၊ ဒါပေမဲ့ ကျောင်းတော်ထဲ မှာ သွားလာခွင့်မရှိဘူး၊ အိပ်ချင်ရင် မြေကြီးပေါ်မှာ လှဲပြီးအိပ်စက်နိုင်တယ်၊ မနက်နေရောင်ရတာ နဲ့ ပြန်ပြီးဒူးထောက်နေရမယ်"

ဟုဆိုသဖြင့် မျိုးချစ်နှင့် လူရွယ်များသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ဘုန်းကြီးအိုကြီး ၏ ခြင်းတောင်းထဲမှ ပေါက်စီများကို ယူ၍ အဝအပြဲ စားသောက်ကြလေ၏ ။

ရေဘူးထဲမှ ရေကိုလည်း အငမ်းမရသောက်ကြ၏ ။ လက်ဖက်ရည်ထည့်ထားသော သားရေ အိတ်ထဲမှ လက်ဖက်ရည်ကိုလည်း သောက်၏ ။

ပြီးနောက် ဘုန်းကြီးအိုကြီးညွှန်ပြရာ အဆောင်တစ်ခုနောက်သို့ သွားကာ အပေ့ါအပါးသွား လေ၏ ။

ပြီးနောက်တွင်မူ မူလနေရာသို့ ပြန်၍ လှဲအိပ်နေလိုက်၏ ။ ရာသီဥတုအေးမြလွန်းသဖြင့် အိတ်ထဲတွင် ယူဆောင်လာသောစောင်များကိုထုတ်၍ ခြုံကြ၏ ။

ဘုန်းကြီးအိုကြီး ပြန်ထွက်သွားသောအခါ မျိုးချစ်အနီးတွင် လှဲအိပ်နေသော လူူရွယ်လေး တစ်ဦးက လေသံတီးတိုးဖြင့်

"ငါတို့ ဒီလိုဘယ်နှစ်ရက်လောက်များ ဝဋ်ဒုက္ခခံရမလဲ မသိဘူးနော်"

ဟု တီးတိုးပြောလေရာ မျိုးချစ်က လေသံတီးတိုးဖြင့်ပင်

"မသိဘူးကွ၊ ဒါပေမဲ့ ဒုက္ခဆင်းရဲတွေကို ခံနိုင်အောင်လို့တော့ အတက်နိုင်ဆုံး ကြိုးစားရ မှာပဲ၊ စာသင်ခွင့်ရဖို့အတွက် မဖြစ်မနေ ကြိုးစားမယ်ဆိုပြီး အိမ်က ထွက်လာတာကွ"

ဟု ပြောလေ၏ ။ ထိုအခါ လူရွယ်က

" အေး . . . ငါလည်း မင်းလိုပဲကွ၊ အတက်နိုင်ဆုံးတော့ ခံနိုင်အောင် ကြိုးစားရမှာပဲ"

ဟု ပြောလေ၏ ။

လူရွယ်က မျိုးချစ်ဘက်သို့ လှည့်၍

" မင်းနာမည် ဘယ်လို ခေါ်သလဲ"

ဟု မေးလေ၏ ။ မျိုးချစ်က သူ၏ အမည်ကို ဖြေလိုက်သောအခါ

" မျိုးချစ်၊ မျိုးချစ်ဆိုတာ တိဘက်နာမည်လည်း မဟုတ်ပါလား"

ဟု ရေရွတ်လေ၏ ။

မျိုးချစ်က သူသည် တိဘက်လူမျိုးမဟုတ်ဘဲ မြန်မာလူမျိုးတစ်ယောက်သာဖြစ်ကြောင်း ပြောဆိုလေရာ လူရွယ်က အံ့အားသင့်သွားပြီး

" ငါ့နာမည် တာပုလို့ ခေါ်တယ်၊ ကျောင်းတော်မှာ စာသင်ခွင့်ရရင်တော့ မင်းနဲ့ငါ သူငယ်ချင်း ဖြစ်ပြီးပေါ့ကွာ"

ဟု ပြောလေ၏ ။ လူရွယ်သုံးဦးကမူ မျိုးချစ်တို့၏ စကားဝိုင်းသို့ မဝင်ဘဲ တခေါခေါအိပ်ပျော် သွားကြလေ၏ ။ မျိုးချစ်က တာပုဘက်သို့ လှည့်၍

" ကဲ . . . အိပ်တော့မယ်ကွာ၊ မနက်ဖြန် ငါတို့ ဘယ်လောက် ဒုက္ခခံရမလဲ မသိဘူး၊ အားမွေးထားရမယ်"

ဟု ပြောကာ အိပ်စက်ရန် ကြိုးစားလေ၏ ။

သို့သော် အိမ်က ထွက်ခွာခါနီး တွင် သူ၏ အဒေါ်နှင့် ပြောဆိုခဲ့သော စကားများကို ပြန်လည် ကြားယောင်ပြီး အိပ်မပျော်နိုင်ဘဲ ရှိလေ၏ ။ အဒေါ်က

" လူကလေးကို အဒေါ်တက်သိသလောက် သာပေပညာနဲ့ ဗဟုသုတတွေ သင်ပေးပြီးပြီ၊ ဒါပေမဲ့ ဘဝမှာ ဒီလောက်နဲ့ မပြည့်စုံသေးဘူးကွယ်၊ ဆက်ပိုရိကျောင်းတောင်ကြီးမှာ ပညာတွေ သင်ကြားရဦးမယ်၊ ဆက်ပိုရိကျောင်းတော်ကြီးဟာ အလွန်စည်းကမ်းတင်ကျပ်တယ်၊ တော်ရုံတန် ရုံလူ ပညာသင်ကြားခွင့် မရနိုင်ဘူး၊ လူကလေးဟာ သာမန်လူတစ်ယောက်မဟုတ်ဘူး

ဆိုတာ အဒေါ်ရိပ်စားမိတယ်၊ ကျောင်းတော်ကြီးမှာ ပညာသင်ပြီးရင် အများကြီး တိုးတက်လာမယ်လို့ အဒေါ်ယုံကြည်တယ် နောက်ပြီးတော့ ကျောင်းတော်ကို ရောက်ရင် လက်ဝါးမှာ ကြယ်ငါးပွင့် တံဆိပ်ထိုးထားတဲ့ ဘုန်းကြီး တစ်ပါးကို တွေ့အောင်ရှာပါ၊ ဘုန်းကြီးကိုတွေ့ရင် ကဗျာလေး တစ်ပုဒ်ရွတ်ပြပါ၊ ဒါဆိုရင် အဲဒီ ဘုန်းကြီးက အဒေါ်နဲ့လူကလေးကို ဘယ်လိုပတ်သက်လဲလို့ မေးလိမ့်မယ်၊ ပြီးရင် ဘုန်းကြီးက လိုအပ်တဲ့အကူအညီကို ပေးပါလိမ့်မယ်”

ဟု ဆိုကာ ထူးဆန်းသော ကဗျာတစ်ပုဒ်ကို နှုတ်တိုက်သင်ကြားပေးလေ၏။ ထို့နောက် တွင်မူ အဒေါ်က ဆက်လက်၍

“ ဒီမှာ လူကလေး၊ လူကလေးကို အရေးကြီးဆုံး စကားတစ်ခွန်းမှာကြားလိုက်ဦးမယ်၊ ကျောင်းတော်မှာ လူကလေး မဖြစ်မနေ သင်ကြားခွင့်ရအောင် ကြိုးစားပါ၊ ပညာသင် ကြားခွင့်ရဖို့ အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကို လူကလေး ရင်ဆိုင်ရမှာပဲ၊ ဒီအခက်အခဲတွေကို လူကလေးမခံနိုင်လို့ ပညာသင်ကြားခွင့် မရဘူးဆိုရင်တော့ အဒေါ်နဲ့လူငယ်လေး ဒီတစ်သက်မှာ ပြန်ဆုံတွေ့ဖို့ မမျှော်လင့်ပါနဲ့တော့”

ဟု ပြောလေ၏။ အဒေါ်၏ စကားကြောင့် မျိုးချစ်က မျက်မှောင်ကြုတ်၍

“ အဒေါ်ရယ် . . . ပညာသင်ခွင့်ရဖို့ ကျုပ်အစွမ်းကုန် ကြိုးစားမှာပါ၊ ဘယ်လို အခက်အခဲ အမျိုးနဲ့ ကြုံကြုံ ရင်ဆိုင်သွားမှာပါ၊ ဒါပေမဲ့ ဆက်ပိုရိ ကျောင်းတော်ကြီးမှာ ပညာသင့်ခွင့်မရတာ နဲ့ အဒေါ်နဲ့ ကျွန်တော်က ဘာလို့ ခွဲခြားရမှာလဲ၊ အဒေါ့်ဆီ ပြန်မလာရတော့ဘူးလား”

ဟု နားမလည်ဟန်ဖြင့် မေးမြန်းလေ၏။ ထိုအခါ သူငယ်၏ အဒေါ်က လျှို့ဝှက်သော အပြုံးတစ်ခုကို ပြုံး၍

“ ပြန်မလာတော့ဘူး လူကလေး၊ လူကလေး ပြန်လာရင်လည်း အဒေါ်နဲ့တွေ့မှာ မဟုတ်ဘူး၊ ဖွံ့လုံ့လဝီရိယမရှိတဲ့ ယောကျာ်းတစ်ယောက်ကို

အဒေါ်အထင်မကြီးတော့ဘူး၊ လူကလေး နားလည်ထားရမှာက လူကလေးကို အဒေါ်တစ်သက်လုံး အပင်ပန်းခံပြီး မွေးမြူလာခဲ့တာ အဒေါ် ရဲ့ လှို့ဝှက်တဲ့ဘဝတစ်စိတ်တစ်ပိုင်းနဲ့လည်း ပတ်သက်နေတယ်၊ ဒါတွေကို တစ်ချိန်ရောက်ရင် လူကလေးကို ရှင်းပြမှာပါ၊ အဲဒီ တစ်ချိန်ဆိုတာက ဆက်ပိုရိကျောင်းတော်ကြီးက ပညာသင်ကြား ခွင့်ရပြီး ပညာပြည့်စုံတဲ့ အချိန်မှာပေါ့”

ဟု တီးတိုး ပြောလိုက်လေတော့သတည်း။

မျိုးချစ်သည် ညအတော်နက်မှ အိပ်ပျော်သဖြင့် မနက်အိပ်ရာထနောက်ကျလေ၏ ။ တာပုက သူ၏ ပခုံးကို လှုပ်နိုး၍

“ ဟော့ကောင် . . . ထထ၊ နေရောင်လာတော့မယ်၊ ငါတို့ရဲ့ ဒူးထောက်လုပ်ငန်းကြီး စကြ ရအောင်”

ဟု ပြောဆိုရင်း မျိုးချစ်၏ ရင်ဘတ်ထဲသို့ ပေါက်စီတစ်လုံး ထိုးထည့်လေ၏ ။ မျိုးချစ်က အူကြောင်ကြောင် မျက်နှာပေးနှင့် တာပုကို ကြည့်လိုက်ရာ ၎င်းက ရယ်မော၍

“ ရေဘူးထဲကရေနဲ့ ပလုပ်ကျင်းပြီး ပေါက်စီကို စားလိုက်၊ တစ်နေကုန် အစာငတ်ခံပြီး နေရင် ဗိုက်ဆာနေမယ်”

ဟု ပြောလေ၏ ။ မျိုးချစ်က အိပ်ရာက မနိုးသေးသော လူရွယ်သုံးယောက်ဘက်သို့ ကြည့်၍

“ နေပါဦး၊ ဒီပေါက်စီက မင်း ဘယ်ကရလာတာလဲ”

ဟု မေးမြန်းလေရာ တာပုက ရယ်မော၍

“ ဟဲ . . . ဟဲ . . . မနေ့ညက ဘုန်းကြီးအိုကြီး ပေါက်စီလာကျွေးတုန်းက

ပေါက်စီ နှစ်လုံး ခိုးထားလိုက်တာကွ”

ဟု ပြောလေရာ မျိုးချစ်သည် ခြေဆော့လက်ဆော့နိုင်သော တာပုကို အံ့သြသွားလေ၏ ။ တာပုက မျက်မှောင်ကြုတ်၍

“ မြန်မြန်စားလိုက်ကွာ၊ တော်ကြာ ဟိုကောင်တွေ နိုးလာလို့ သိရင် တိုင်ပြောနေဦးမယ်၊ ဘာလဲ . . . မင်းက ငါခိုးလာတဲ့ ပစ္စည်းဆိုပြီး မဆားချင်ဘူးလား”

ဟု ပြောလေ၏ ။ မျိုးချစ်က ရယ်မော၍

“ မဟုတ်ပါဘူးကွာ၊ မင်း မဝမှာ ဆိုးလို့ပါ”

ဟု ပြောဆိုလေ၏ ။ တာပုက ခေါင်းခါ၍

“ ငါ ပေါက်စီတစ်လုံးနဲ့ ရေတစ်ဘူးကို အဝသော်ပြီးလို့ ဗိုက်ပြည့်သွားပြီ”

ဟု ပြောလေ၏ ။ ထိုအခါ မျိုးချစ်လည်း ဗိုက်ထဲတွင် ဆာဆာလောင်လောင်ရှိသည်နှင့် ပေါက်စီကို လျှင်မြန်စွာ စားလိုက်၏ ။ ရေဘူးထဲမှ ရေကို တဝကြီးသောက်လိုက်သဖြင့် လန်းဆန်း သလို ဖြစ်သွား၏ ။

ခဏအကြာတွင် လူရွယ်သုံးဦးအိပ်ရာမှ အသီးသီးနိုးထလာပြီး မကြည်သာသော မျက်နှာ ပေးများနှင့် ဝဋ္ဋဒုက္ခဆင်းရဲခြင်းဖြစ်သည်ဟု ခိုကဲ့သို့ တီးတိုး ငြီးငြူကြကုန်၏ ။

မနက်မိုးလင်းသည်နှင့် ကျောင်းတော်ကြီးသည် အသက်ဝင်လာပြီး ဘုန်းတော်ကြီးများ၊ ကိုရင်များသည် ဘုရားရှိခိုးခြင်း၊ တရားစာရွတ်ဆိုခြင်း၊ ကျောင်းတော်ကြီးပရဝဏ်အတွင်း တံမြက် စည်းလှဲခြင်း စသည်တို့ကို ပြုလုပ်ကြကုန်၏ ။

ဘုန်းတော်ကြီးများနှင့် ကိုရင်များသည် မျိုးချစ်တို့ လူငယ်လူရွယ်များကို ရိုးအိနေဟန်ရှိပြီး ကြည့်ရှုခြင်းမရှိပေ။ နေမြင့်လာသောအခါ

မျိုးချစ်တို့လူရွယ်များသည် ချွေးတဒီးဒီးကျလာလေ၏။

တိဘက်၏ ရာသီဥတုမှာ အပူအအေးကွာခြားခြင်း ပြန်းထန်၏။ နေ့လယ်ပိုင်းတွင် လွန်စွာ ပူပြင်းပြီး ညသို့ရောက်သောအခါ ရေခဲအမှတ်အောက် ရောက်အောင် အေးမြ၏။ တာပုက ပါးစပ်မလှုပ်ဘဲ ကိုရင်လေးမကြားအောင် လေသံတိုးတိုးဖြင့်

" အင်္ကျီကြယ်သီးတွေကို ဖြုတ်ပစ်လိုက်"

ဟု ပြောလေ၏။ မျိုးချစ်က သူ၏ အမိန့်အတိုင်း အင်္ကျီကြယ်သီးများကို ဖြုတ်၍ နေလိုက် သောအခါ အနည်းငယ် အပူဒဏ် သက်သာသလို ခံစားလိုက်ရ၏။

နေမင်းသည် ၎င်းတို့ခေါင်းတည့်တည့်သို့ ရောက်သောအခါ အပူဒဏ်မှာ ပိုမိုပြင်းထန်လာ ပြီး ချွေးများ ပိုမိုကျဆင်းလာ၏။

မျိုးချစ်က တာပုဘက်သို့ မသိမသာလှည့်ကြည့်လိုက်သောအခါ ၎င်းက စပ်ဖြဲဖြဲအမူအရာ လုပ်ပြလေ၏။ တာပုသည် မည်သည့် အခက်အခဲကိုမဆို ပျော်ရွှင်စွာ ဖြေရှင်းတက်ပုံရ၏။

တာပုအနီးရှိ လူရွယ်သုံးဦးကမူ အပူဒဏ်နှင့် ညောင်းညာကိုက်ခဲသည့် ဒဏ်ကြောင့် စိတ်ဓာတ်ကျနေဟန် ရှိ၏။ မျိုးချစ်သည် သူ၏ ဒူးခေါင်းမှာ နာကျင်သလိုရှိသည်နှင့် ဒူးခေါင်းကို တဖြည်းဖြည်း နေရာရွှေ့ပေးနေရ၏။

တာပုလည်း မျိုးချစ်ကဲ့သို့ပင် နေရာ အရွှေ့အပြောင်းလုပ်နေကြောင်း တွေ့ရလေ၏။ ညနေ စောင်းကာ နီးသောအခါ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲလွန်းသဖြင့် ယိမ်းယိုင်လဲမတက် ဖြစ်နေလေ၏။ နေဝင်ကာနီး၌ တာပုက ကိုရင်လေးအလစ်တွင် မသိမသာ လက်မထောင်ပြလေ၏။

ဒူးထောက်ထိုင်နေစဉ် မျိုးချစ်တို့အတွက် ခံရအခက်ဆုံးအချိန်မှာ ကိုရင်လေး အစား အစာများကို စားသောက်သော အချိန်ဖြစ်၏။

ကိုရင်လေးသည် ခြင်းတောင်းအတွင်းမှ ခေါက်ဆွဲပြုတ်များ၊ ဟင်းသီးဟင်းရွက်များကို ထုတ်၍ မြိန်ရှက်စွာ စားသောက်နေလေ၏ ။

မျိုးချစ်တို့လူရွယ်များသည် ဗိုက်ထဲတွင် ဆားလောင်လွန်းလှသဖြင့် ကိုရင်လေးကို ကြည့်၍ သွားရည်တမြာမြာ ကျနေလေ၏ ။ ညနေ နေဝင်ခါနီး နေလုံးကြီးကို ကြည့်၍ နေမြန်မြန်ဝင်ပါစေဟု ဆုတောင်းနေမိ၏ ။

ခေါင်းထဲတွင် မူးနောက်လာပြီး ကျောင်းတော်ကြီးကို ကြည့်ရသည်မှာ အနီ၊ အဝါ၊ အပြာ ရောင်စုံများ ထွက်နေသည်ဟု ထင်ရ၏ ။ နေဝင်ပြီး အမှောင်ဖုံးသောအခါမှပင် လူရွယ်များသည် မြက်ခင်းပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်လေ၏ ။ တစ်သက်တာ မြင်ခင်းပေါ်၌ လှဲအိပ်ရခြင်း သည် သည်တစ်ကြိမ် ဇိမ်အရှိဆုံး ဖြစ်၏ ။

ညသို့ ရောက်သောအခါ ဘုန်းကြီးအိုကြီး ရောက်လာပြန်ပြီ။ ပေါက်စီနှင့် ရေကို တိုက်ကျွေး လေ၏ ။

လူရွယ်များသည် ဆာဆာနှင့် အစားအစာများကို နင်းကန်စားလေ၏ ။ မျိုးချစ်က ဘုန်းကြီး အိုကြီးအား

“ ကျွန်တော်တို့ ဒီလိုဘယ်နှစ်ရက်လောက် နေရဦးမှာလဲ”

ဟု မေးမြန်းလေရာ ဘုန်းကြီးအိုကြီးက သက်ပြင်းချ၍

“ ဒါတော့ ငါလည်း သေသေချာချာ မပြောနိုင်ဘူးကွယ့်၊ နှစ်ရက်သုံးရက်ကနေ တစ်ပတ် ဆယ်ရက်လောက်အထိ ကြာတက်တယ်”

ဟု ပြောလေရာ လူရွယ်သုံးယောက်သည် ဘုန်းကြီးအိုကြီး၏ စကားကြောင့် မျက်စိမျက်နှာ ပျက်သွားလေ၏ ။ မျိုးချစ်က မျက်မှောင်ကြုတ်၍

“ ဘာဖြစ်လို့ ဒီလောက် အကြာကြီး ထားရတာ လဲ”

ဟု မေးမြန်းလေ၏ ။ ဘုန်းကြီးအိုကြီးက သက်ပြင်းချ၍

“ ကျောင်းတော်ကြီးကို ဝင်ခွင့်ရဖို့ အရင်တုန်းက ဒီလောက်မခက်ပါဘူး၊ ဒါပေမဲ့ နှစ်တွေ အများကြီးကြာတော့ ကျောင်းတော်က ထွက်တဲ့ လူတွေရဲ့ အရည်အချင်းညံ့ဖျင်းလို့ ဂုဏ်သိက္ခာကို ထိခိုက်ခဲ့တယ်၊ နောက်တက်တဲ့ ဆရာတော်လက်ထက်မှာ တပည့်အသစ် လက်မခံတော့ဘူးလို့ တောင် ဆုံးဖြတ်ခဲ့တယ်၊ ကျောင်းတော်ကြီးမှာ ကိုရင်ဝတ်ချင်ရင်တော့ ဒီလောက်မခက်ပါဘူး၊ ကျောင်းသားအဖြစ် စာသင်ခွင့်ရဖို့ကတော့ အတော်ကြိုးစားရမယ်၊ ပညာသင်ကြားခွင့်ရတဲ့ ကျောင်းသားဟာလည်း အလွန်ထူးချွန်ပြီး ထက်မြက်လေ့ရှိတယ်”

ဟု ပြောလေ၏။ ဘုန်းကြီးအိုကြီး ထွက်ခွာသွားသောအခါ တာပုက ရင်ဘတ်ထဲသို့ လက်ညှိုးညွှန်ပြ၍

“ မနက်ကျမှ ကျွေးမယ်”

ဟု ပြောလေ၏။ တာပုသည် ဘုန်းကြီးအိုကြီးထံမှ ပေါက်စီများကို ခိုးယူတက်ပုံရ၏။

တာပုက ရင်ဘတ်ထဲတွင် ဖွက်ထားသော ပေါက်စီများကို ထုတ်၍ မျိုးချစ်နှင့် အညီအမျှ ခွဲဝေ စားသောက်၏။

နေရောင်လာသောအခါ လူရွယ်သုံးဦးအနက် တစ်ဦးသည် အိပ်ရာမှ မထတော့ဘဲ

“ တော်ပြီဗျာ၊ ကျုပ် အိပ်ချင်တယ်၊ ပင်လည်း ပင်ပန်းလှပြီ၊ အိပ်ရာမထတော့ဘူး၊ ဒီလောက် စည်းကမ်းကြီးတဲ့ ကျောင်းမှာ နေခွင့်မရရင်လည်း မနေတော့ဘူး၊ အိမ်ပဲ ပြန်တော့မယ်”

ဟု ဆိုကာ ပေတေ၍ အိပ်နေလေတော့၏။ နေအတော်မြင့်သောအခါမှပင် အိပ်ရာမှထ၍ လာရာလမ်းအတိုင်း တပ်ခေါက်ပြန်သွားလေ၏။

လူရှယ်ငါးယောက်အုပ်စုမှ တစ်ယောက်လျော့သွားလေ၏ ။ ညနေစောင်းသောအခါ လူရှယ် တစ်ဦးသည် ဗိုက်ဆာလွန်း၍ မနေနိုင်အောင် ဖြစ်ရပြီး

" တော်ပြီဗျို့၊ ဗိုက်ဆာလွန်းလို့ အူလိမ်ပြီး သေတော့မယ်၊ ဒီအတိုင်းဆက်နေရင် အားပြတ်ပြီး ကျုပ်သေသွားလိမ့်မယ်"

ဟု ဆိုကာ ဒူးထောက်နေရာမှ ထထိုင်သွားလေ၏ ။ ထို့နောက် လူရှယ်ကပင် ဆက်လက်၍ မျိုးချစ်တို့ဘက်သို့ လှည့်၍

" မင်းတို့ ဒီလို ဆက်ပြီး ဒုက္ခခံနေဦးမလို့လား၊ ငါတို့ အဖြစ်က အဓိပ္ပာယ် လုံးဝမရှိဘူး၊ အလကားသက်သက် ဝဋ်ခံရသလိုပဲ၊ အိမ်မှာကျန်နေတဲ့ မိဘတွေ ငါတို့ကို မြင်ရင် ရင်ကျိုးလိမ့် မယ်"

ဟု စိတ်ဆိုးမာန်ဆိုး ပြောလေ၏ ။ ထိုအခါ သူ၏ စကားကို နားဝင်သွားဟန်ရှိသော လူရှယ် တစ်ဦးကလည်း ထိုင်နေရာမှ ငေါက်ခနဲထထိုင်၍

" မင်းပြောတာ ဟုတ်တယ်၊ ငါတို့အဖြစ်က ဝဋ်ခံရသလိုပဲ၊ ကြာရင် ကျောင်းမနေရဘဲ အသက်သာသေသွားလိမ့်မယ်၊ ဗိုက်လည်း ဆာလှပြီ၊ တောင်အောက်ကို ဆင်းပြီး ထမင်းဆိုင်မှာ အဝစားတော့မယ်၊ ဒီကျောင်းမှာ မနေရရင်လည်း ရပါတယ်၊ တိဘက်မှာ ဘုန်းကြီးကျောင်းတွေ အများကြီး ရှိပါသေးတယ်"

ဟု ဆိုကာ လူရှယ်နှင့်အတူ တောင်အောက်သို့ ဆင်းသွားလေ၏ ။

ထိုအခါ မျိုးချစ်နှင့် တူပုနှစ်ဦးသာ အူကြောင်ကြောင် ကျန်ခဲ့လေ၏ ။ မျိုးချစ်တို့သည် နေဝင် သောအခါ မြက်ခင်းပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်၏ ။

သူတို့၏ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်ပြီး ဒူးများမခံမရပ်နိုင်အောင် နာကျင်နေလေ ၏ ။ ရာသီဥတုမှာလည်း တဖြည်းဖြည်း

အေးမြလာ၏။

မျိုးချစ်က သူ၏ နီရဲယောင်ကိုင်နေသော ဒူးဒေါင်းကို ကြည့်၍

“ ငါတို့နောက်တစ်နေ့ဆက်ပြီး ဒူးထောက်နိုင်ပါ့မလား မသိဘူး”

ဟု ညည်းညူးလေရာ တာပုက သူ၏ ဒူးခေါင်းကို လှည့်ကြည့်၍

“ အေးကွာ၊ ကြာရင် ငါတို့နှစ်ယောက်ပါ စိတ်ဓာတ်ပျက်မှာစိုးတယ်၊ ငါတို့ကို ဒူးထောက် ထိုင်ခိုင်းတဲ့ ဆရာတော်ကြီးလည်း အဲဒီ နေ့ကစပြီး တစ်နေ့မှ ရောက်မလာဘူး၊ ငါတို့ကို မေ့များ မေ့နေပြီလားကွာ”

ဟု ညည်းညူးလေ၏။ မျိုးချစ်က သက်ပြင်းချ၍

“ ဒီလိုတော့ မဖြစ်နိုင်ပါဘူးကွာ၊ အားတင်းထားပါ ငါတို့ ဒီလောက်တောင် ဒုက္ခခံခဲ့ပြီးမှ နောက်ဆုတ်ပြန်သွားရင် ပင်ပန်းခဲ့သမျှတွေ အလကားဖြစ်သွားမှာပေါ့”

ဟု အားပေးစကားပြောလေ၏။

မျိုးချစ်တို့သည် နောက် တစ်နေ့နံနက်သို့ ရောက်သောအခါ ဒူးခေါင်းများ မခံမရပ်နိုင် အောင် နာကျင်နေသဖြင့် ကျောင်းဝင်းတစ်နေရာရှိ သက်န်း အစုတ်အပြဲများကို ရှာဖွေ၍ ဘောင်းဘီနှင့် ဒူးခေါင်းအကြားတွင် ခံလေ၏။

ထိုအခါမှပင် ဒူးခေါင်းများ နာကျင်သော ဒဏ် အတန်ငယ်သက်သာသလို ရှိ၏။

***

ယနေ့သည် လေးရက်မြောက်သောနေ့ဖြစ်ပြီး ခန္ဓာကိုယ်၏ နာကျင်မှုများ အနည်းငယ် သက်သာသွားသလို ခံစားရ၏ ။

ဆာလောင်သော ဝေဒနာမှာလည်း လျော့ပါးသွားလေ၏ ။ ထို့ကြောင့် မျိုးချစ်တို့သည် ဣန္ဒြေမပျက်ဘဲ အောင့်အင်းသည်းခံ၍ နေနိုင်လေ၏ ။

ထိုနေ့ညနေ နေဝင်သွားသောအခါ မြက်ခင်းတွင် ခြေပစ်လက်ပစ်လှဲအိပ်လိုက်ပြီး တာပုက

“ ဒီနေ့တော့ အရင်နေ့တွင်လို သိပ်မဆာဘူးကွ၊ ကိုယ်ခန္ဓာကိုက်ခဲမှုဒဏ်ကိုလည်း ခံနိုင်လာ တယ်”

ဟု မှတ်ချက်လေ၏ ။

ထိုအကြောင်းကို ဘုန်းကြီးအိုကြီးအား ပြောပြလေရာ ဘုန်းကြီးအိုကြီးက ခေါင်းညိတ်၍

“ ဒါဟာ သဘာဝ နဲ့ လိုက်လျောညီထွေဖြစ်ပေါ်လာတဲ့ သဘောပဲကွ၊ လေးရက်အတွင်း မှာ သဘာဝ တရားက မင်းတို့ ခန္ဓာကိုယ်နဲ့ ကိုက်ညီအောင် လိုက်ပြောင်းပေးခဲ့တယ်၊ အစာအိမ်က လည်း နဂိုထက် ကျဉ်းမြောင်းသွားတယ်၊ ဒါကြောင့် မဆာတော့ဘူး”

ဟု ပြောလေရာ မျိုးချစ်က တအံ့တသြဖြင့်

“ အစာအိမ်က ကျဉ်းသွားတယ် ဟုတ်လား”

ဟု မေးမြန်းလေ၏ ။

ဘုန်းကြီးအိုကြီးက

“ ဟုတ်တယ်၊ လူ့အစာအိမ်ဟာ စားသောက်တဲ့ပုံစံကို လိုက်ပြီး အကြီးအသေးဖြစ်ပေါ်တယ်၊ အစားအသောက် များများစားတဲ့သူဟာ အစာအိမ်ကျယ်သွားပြီး တော်ရုံစားရုံနဲ့ ဗိုက်မပြည့် တော့ဘူး၊ ဆာလောင်မှု ဖြစ်ပေါ်နေတယ်၊ အလေ့အကျင့်လုပ်ပြီး အစားအသောက်ကို လျှော့ စားရင်တော့ အစာအမ် တဖြည်းဖြည်း ကျဉ်းသွားပြီး ဆာလောင်မှု လျော့ပါးသွားတယ်၊ ဒါဟာ သဘာ၀ က လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပေးတဲ့ သဘောပဲ၊ သဘာ၀ တရားလောက် ထူးဆန်းပြပီး အင်အားကြီးမားတဲ့အရာ လောကမှာ ဘာမှမရှိဘူး။ သဘာ၀ တရားဟာ ကမ္ဘာပေါ်မှာ ရှိတဲ့ ရေမြေသဘာ၀ သက်ရှိသက်မဲ့အားလုံးကို ပြုပြင်ပြောင်းလဲပေးတယ်”

ဟု ပြောဆိုလေကာ ခြင်းတောင်းလေးကို ကိုင်၍ ပြန်လည် ထွက်ခွာသွားလေ၏ ။ မျိုးချစ်က ဘုန်းကြီးအိုကြီး၏ နောက်ကျောကို ကြည့်၍

“ ကျောင်းတော်ကြီးမှာ အလုပ်ကြမ်းလုပ်တဲ့ ဘုန်းကြီးအိုကြီးဆီကတောင် ငါတို့ ပညာတွေ အများကြီးရတယ်နော်”

ဟု တီးတိုးရေရွတ်လိုက်လေတော့၏ ။

***

ဤသို့ဖြင့် မျိုးချစ်နှင့် တာပုသည် ပင်ပန်းဆင်းရဲစွာ နေထိုင်ပြီး ၁၀ ရက်မြောက်နေ့တွင် ၎င်းတို့ကို ဒူးထောက်ရန် အမိန့်ပေးသော ဆရာတော်ရောက်လာပြီး ကြည့်ရှုကာ

“ မင်းတို့နောက်တစ်နေ့ကစပြီး ဒူးထောက်စရာမလိုတော့ဘူး၊ ဒီနေ့ညကစပြီး ကျောင်းတော်ထဲမှာ ၀င်အိမ်ရမယ်”

ဟု ပြောဆိုလေရာ တာပုက ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး

" ဟင်း . . . ဒါဆို ကျွန်တော်တို့ကို ကျောင်းတော်မှာ နေခွင့်ပြုလိုက်ပြီလား မသိဘူး"

ဟု မေးမြန်းလိုက်လေ၏။

ဆရာတော်က ခေါင်းခါ၍

" ကျောင်းတော်မှာ နေခွင့်ရဖို့ ဒီလောက် မလွယ်သေးဘူးကွယ့်၊ ဉာဏ်ပညာအရည်အချင်း နဲ့ ပတ်သက်ပြီး စမ်းသပ်ရဦးမယ်"

ဟု ပြောဆိုလေရာ မျိုးချစ်နှင့် တာပုသည် စိတ်ပျက်လက်ပျက်ဖြစ်သွားလေ၏။ ဆရာတော် က ၎င်းတို့၏ အမူအရာကို ကြည့်၍

" မင်းတို့ဟာ ဇွဲရှိတဲ့ သူတွေဆိုတာတော့ ကျောင်းတော်က အသိအမှတ်ပြုလိုက်ပါပြီကွာ၊ တကယ်တော့ အောင်မြင်ဖို့အတွက် ဇွဲလုံ့လဝီရိယရှိဖို့လိုတယ်ဆိုပေမဲ့ ဇွဲဟာ အရေးအကြီးဆုံးပဲ၊ ဇွဲရှိတဲ့ သူဟာ အောင့်အည်းသည်းခံနိုင်တယ်၊ နောက်ဆုံးမှာ အောင်မြင်မှုရရှိလေ့ရှိတယ်"

ဟု ပြောလေ၏။

ထိုနေ့ညနေသို့ ရောက်သောအခါ ဘုန်းကြီးအိုကြီးရောက်လာပြီး

" မင်းတို့ စားသောက်ဆောင်ထဲမှာ အစားအစာ စားခွင့် ပြုတယ်၊ ဒါပေမဲ့ အလွန်အကျွံ တော့ မစားနဲ့နော်၊ ဝမ်းဗိုက်ကို ဒုက္ခပေးတက်တယ်"

ဟု ပြောလေ၏။ စားသောက်ဆောင်သို့ ရောက်သောအခါ အိန္ဒိယမှလာသော မုန့်များနှင့် လက်ဖက်ရည်ကို သောက်ရလေ၏။

အသီးအရွက်များနှင့် ရောနှော၍ ပြုတ်ထားသော ခေါက်ဆွဲပြုတ်တစ်ပွဲကိုလည်း သောက်ရ လေ၏။

အစားအစာများကို စိတ်ရှိလက်ရှိ မစားနိုင်ဘဲ ဝမ်းဗိုက်ပြည့်သွားသလို ခံစားရလေ၏ ။ ဘုန်းကြီးအိုကြီးပြောသကဲ့သို့ အစာအိမ်ကျဉ်းမြောင်းသွားခြင်းကြောင့် ဖြစ်မည်ထင်ရ၏ ။ ခဏအကြာတွင် ဘုန်းကြီးအိုကြီး ရောက်လာပြန်ပြီး

“ ဝတ်ကျောင်းဆောင်ကို သွားပြီး ဘုရားရှိခိုးရမယ်”

ဟု ဆိုကာ တာပုနှင့် မျိုးချစ်ကို လွန်စွာ ကြီးမားသော ကျောင်းဆောင်ကြီးသို့ ခေါ်ဆောင် သွားလေ၏ ။ ဝတ်ကျောင်းဆောင်ထဲတွင် အဝါရောင်၊ ရွှေရောင်၊ အနီရောင်သင်္ကန်းဝတ် ဘုန်းကြီး နှင့် ကိုရင်များ မြောက်မြားစွာရှိနေပြီး ဝတ်ရွတ်သံများမှာလည်း ညီညာလှပေ၏ ။

တိဘက်တွင် ကိုရင်များက အဖြူရောင်၊ သာမန်ဘုန်းကြီးက အနီရောင်၊ အစောင့်ဘုန်းကြီး က နီညိုရောင်သင်္ကန်းများကို ဝတ်ဆင်ကြ၏ ။

ဝတ်ရွတ်ပြီးနောက် မျိုးချစ်နှင့် တာပုအား အဆောင်တစ်ခုသို့ ခေါ်ဆောင်သွားပြီး အခန်းကျဉ်းလေးတွင် အိပ်စက်ခွင့်ပြုလေ၏ ။

တာပုက အခန်းထောင့်ရှိ ဂွမ်းကပ်ကြီးရှိရာသို့ ခြေပစ်လက်ပစ်လှဲချလိုက်ပြီး

“ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရတာ ကြာပြီဟေ့၊ ဒီညတော့ ဇိမ်နဲ့ အိပ်ခွင့်ရပြီ”

ဟု ပြောလေ၏ ။ မျိုးချစ်က တာပုနည်းတူ ဂွမ်းကပ်ကြီးတွင် ဝင်အိပ်လိုက်ပြီး

“ ငါတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို စမ်းသပ်ဦးမယ်ဆိုပါလား ၊ ဘာတွေ စမ်းသပ်ဦးမလဲ မသိဘူး”

ဟု ရေရွတ်လေ၏ ။

တာပုက ဂွမ်းစောင်ကြီးကို ခြုံလိုက်ပြီး

“ မသိဘူးကွ၊ ငါတော့ ဒီအချိန်မှာ ဒါတွေကို မတွေးချင်သေးဘူး၊ ဖိမ်ကျကျ အိပ်လိုက်ဦးမယ်”

ဟု ဆိုကာ တခေါခေါ အိပ်မောကျသွားလေ၏ ။ မျိုးချစ်သည် တာပုနှင့် စကားဆက်ရန် မကြိုးစားတော့ဘဲ သူ့အဒေါ် သင်ပေးလိုက်သော ကဗျာတိုလေးကိုသာ မမေ့လျော့အောင် ရွတ်ဖတ်နေလေ၏ ။

လက်ဝါး၌ ကြယ်ငါးပွင့် ရေးထိုးထားသော ဘုန်းကြီးကို တွေ့အောင်ရှာ၍ ထိုကဗျာလေးကို ဘုန်းကြီးအား ရွတ်ပြလျှင် ၎င်းက အကူအညီပေးမည်ဟု အဒေါ်က ဆိုလေ၏ ။

***

မနက်မိုးလင်းသောအခါ ဘုန်းကြီးတစ်ပါးက လာရောက်ခေါ်ယူ၍ စားသောက်ဆောင်ထဲ တွင် အစားအစာများကို စားခွင့်ရ၏ ။

နံနက်စာ စားနေစဉ် ဘုန်းကြီးတစ်ပါးက ဗုဒ္ဓကျမ်းစာအုပ်ရှိ ကန်ဂျူးကျမ်းမှ စာပိုဒ်အချို့ကို ဖတ်ပြနေလေ၏ ။

အစာစားချိန်တွင် စကားပြောခွင့်မရှိပါ၊ တိဘက် တရားတော်၏ ပညတ်တော်အရ အစားအစာကို အရသာခံ၍ မစားရပါ၊ အစား စားရာတွင် ပါးစပ်မှ အသံမမြည်စေရ ၊ စားပွဲကို လက်ထောက်မထားရဟု ဘုန်းကြီးတစ်ပါးက လာရောက်ပြောဆိုလေ၏ ။

တာပုက နားမလည်ဟန်ဖြင့်

“ လက်ထောက်ထားတော့ ဘာဖြစ်လို့လဲ”

ဟု ပြန်လည်မေးမြန်းလေ၏ ။ ဘုန်းကြီးက မျက်မှောင်ကြုတ်၍

“ လက်ထောက်စားတော့ အစားအစာကို လောဘကြီးသလို ဖြစ်နေတာပေါ့။ အစာစားတဲ့ နေရာမှာ သတိနဲ့ယှဉ်ပြီး စားရမယ်”

ဟု ပြောဆိုလေ၏ ။

ခန်းမဆောင်ကြီးတစ်ခုလုံး ဘုန်းကြီးများ၊ ကိုရင်များနှင့် ပြည့်နှက်နေပြီး ကျောင်းသား တစ်ဦး တစ်ယောက်မျှ မတွေ့ရပေ။

မနက် ၉ နာရီအချိန်တွင် ဘုရားဝတ်တက်ရပြန်ပါသည်။ တိဘက်တွင် ဆယ်ပိရိကျောင်း တော်သည် စည်းကမ်းအကြီးဆုံး ဖြစ်သဖြင့် ဝတ်တက်ရန်မည်သူမျှ မပျက်ကွက်ရဲပေ။

အခြားကျောင်းတော်များတွင် ဝတ်တက်ရန် ပျက်ကွက်သူများ ရှိ၏ ။ ဘုရားကေကျောင်း တော်ကြီးတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတည်းကိုသာ တွေ့ရ၏ ။

ထိုရုပ်ပွားတော်ကို ရွှေသားစစ်စစ်နှင့် ထုလုပ်ထားကြောင်း သိရလေ၏ ။

ဘုရားဝတ်တက်ပြီးသောအခါ ဘုန်းကြီးတစ်ပါးက မီးဖိုခန်းသို့ ခေါ်ဆောင်သွားပြီး

“ ကျောင်းတော်က ကျွေးတာကို အလုပ်မလုပ်ဘဲ စားရင် အကုသိုလ်ဖြစ်တက်တယ်၊ ဒါကြောင့် မင်းတို့နှစ်ယောက် မီးဖိုခန်းက အလုပ်သမားတွေနဲ့ ကူညီပြီး လုပ်ကိုင်ပေးရမယ်”

ဟု ပြောလေ၏ ။

ကျောင်းတော်တွင် အလုပ်သမား အင်အားအပြည့်အစုံရှိသော်လည်း ပေါင်းသင်းဆက်ဆံ ရေးနှင့် အဆင့်အတန်းမခွဲခြားလိုကြောင်း ပြသစေရန် မီးဖိုချောင်တွင် အလုပ်ဝင်စေခြင်း ဖြစ်၏ ။

မီးဖိုခန်းထဲတွင် အလုပ်သမား ၁၀ ယောက်ခန့်ရှိပြီး အိန္ဒိယမှလာသော

မလိုင်မုန့်များနှင့် ထောပတ်များကို အလျှံပယ် တွေ့ရပါ၏ ။

တာပုသည် နွားနို့နှင့် မုန့်များကို မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" ဒီမှာ အလုပ်လုပ်ရင် ဗိုက်ဆာလိုက်၊ မုန့်စားလိုက်နဲ့ ဟန်ကိုကျနေတာပဲ"

သူ၏ စကားမဆုံးမိ စားဖိုမှူးကြီးရောက်လာပြီး ရေဂါလံ တစ်ရာခန့်ဆန့်သော အိုးကြီးအား သဲဖြင့် ပွတ်တိုက်ခိုင်းလေရာ မျက်နှာရှုံ့မဲ့သွားလေ၏ ။

တိဘက်ဒေသမှာ အလွန်အေးသော ဒေသဖြစ်သဖြင့် တစ်နေ့လျှင် လူတစ်ယောက်သည် လက်ဖက်ရည်ခွက်ပေါင်း သုံးဆယ်ခန့် သောက်လေ့ရှိ၏ ။ ထိုမှသာ ပူနွေးပြီး အအေးဒဏ် ခံနိုင်မည် ဖြစ်၏ ။

တိဘက်လက်ဘက်ရည်သည် အခြားသော လက်ဘက်ရည်များနှင့်မတူဘဲ ထောပတ်သန့် သန့်ကို လက်ဖက်ရည်သို့ ခပ်ထည့်ထားသဖြင့် အရသာထူးလှ၏ ။

တိဘက်ရှိ ဘုန်းကြီးနှင့် ကိုရင်တိုင်းတွင် ထောပတ်လက်ဖက်ရည်ထည့်သော သားရေအိတ် ကလေးများကို ခါးတွင် ချိတ်ဆွဲထားကြ၏ ။

ထို့ကြောင့် မနက်မိုးလင်းသည်နှင့် စားဖိုမှူးကြီးက ရေဂါလံ တစ်ရာခန့်ဆန့်သော အိုးကြီးထဲ သို့ ရေတစ်ဝက်ခန့်ထည့်ပြီး ရေဆူအောင် မီးပြင်းပြင်းထိုးရလေ၏ ။

ရေဆူလာသောအခါ တရုတ်ပြည်မှလာသော လက်ဖက်ခြောက်တုံးကြီးများကို အိုးထဲသို့ ခပ်ထည့်ရ၏ ။

လက်ဖက်ခြောက်တုံးကြီးများမှာ အုတ်ခဲသဏ္ဍာန်ရှိပြီး အလွန်ကြီးမားလေ၏။

တိဘက်ဒေသတွင် လက်ဖက်ခြောက်မရှိသဖြင့် တရုတ်နှင့် အိန္ဒိယမှ လက်ဖက်ခြောက်များ ကို မှာယူသုံးစွဲရ၏။

လက်ဖက်ခြောက်ခပ်ပြီးနောက် ဆားနှင့် ဆိုဒါမှုန့်ကို ခပ်ရပြန်၏။ နောက်တစ်ကြိမ် ရေပြန်ဆူသောအခါ ထောပတ်သန့်သန့်ကို ခပ်၍ တစ်နေကုန် မီးထိုးပြီး ကျိုရပြန်၏။

မီးထိုးရာတွင် ထင်းကို လောင်စာအဖြစ် အသုံးမပြုဘဲ နွားချေးကို အခြောက်လှမ်း၍ အသုံးပြုလေ၏။

ကျောင်းတော်ရှိ ဘုန်းတော်ကြီးများ လက်ဖက်ရည် အချိန်မရွေးသောက်နိုင်ရန် မျိုးချစ်နှင့် တာပု၏ တာဝန် ဖြစ်လာ၏။

ဘုန်းကြီးများ၊ ကိုရင်များသည် လက်ဖက်ရည်ကို အိုးကြီး အိုးငယ်များနှင့် လာရောက်ယူငင် နေကြသဖြင့် မျိုးချစ်တို့သည် တစ်နေကုန် ချွေးဒီးဒီးကျအောင် အလုပ်လုပ်ရလေ၏။

***

ညနေစောင်းသောအခါ စားဖိုမှူးလူဝကြီးက မျိုးချစ်အနီးသို့ ရောက်လာပြီး ကျောင်းတော် နှင့် အတော်အတန်ဝေးကွာသော အရပ်ရှိ စိုက်ခင်းသို့ ဟင်းသီးဟင်းရွက်တောင်း သွားရောက် ယူငင်ခိုင်းလေ၏။

တာပုကိုလည်း နွားခြံတစ်ခြံမှ နွားနို့ပုံးကို ယူဆောင်ခိုင်းလေ၏။ မျိုးချစ်တို့သည် ကျောင်း ပြင်ပသို့ ထွက်ခွင့်ရသဖြင့် ပျော်ရွှင်သွားလေ၏။

တာပုက စားဖိုမှူးဘက်သို့လှည့်၍

“ ကျုပ်တို့ နှစ်ယောက် အတူတူ သွားလို့ မရဘူးလား ”

ဟု မေးမြန်းလိုက်လေ၏ ။

စားဖိုမှူးက ခေါင်းခါ၍

“ သွာရမဲ့လမ်းက တောင်တစ်လမ်း မြောက်တစ်လမ်းသွားရမှာ၊ အတူတူသွားလို့ ဘယ်ရမလဲ ”

ဟု ပြောလေ၏ ။

ထို့နောက်တွင်မူ မျိုးချစ်နှင့် တာပုသည် ကျောင်းတော်ရှေ့တွင် လမ်းခွဲ၍ ထွက်ခဲ့လေ၏ ။

လမ်းခွဲကာနီးတွင် စားဖိုမှူးက

“ ဟိုဟိုဒီဒီ လျှောက်ပြီး လမ်းသလားမနေနဲ့၊ နေဝင်သွားတာနဲ့ ကျောင်းတံခါးက ပိတ်မှာ ”

ဟု ပြောလေတော့၏ ။

မျိုးချစ်သည် တောလမ်းကလေး အတိုင်း ခရီးဆက်ခဲ့လေ၏ ။ လမ်းတစ်လျှောက်လုံးတွင် သာယာလှပသော ပန်းကလေးများ စိမ်းစိမ်းစိုစို ဖူးပွင့်နေပြီး ရှုခင်းများ သာယာလှ၏ ။ စားဖိုမှူးကြီးက လမ်းခရီးတွင် သေချာစွာ လမ်းညွှန်လိုက်သဖြင့် လမ်းမှားရန် မရှိပေ။

ခဏကြာအောင် လမ်းလျှောက်ပြီးနောက် စမ်းချောင်းကလေးတစ်ခုကို မြင်ရပြီး စမ်းချောင်း တစ်ဖက်ကို ကူးရန် သစ်လုံးနှစ်လုံးကို တံတားအဖြစ် အသုံးပြုကြောင်း တွေ့ရလေ၏ ။ သစ်လုံး တံတားကို ကျော်ပြီး အတန်ကြာအောင် သွားပြီးနောက် စိုက်ခင်းသို့ ရောက်လေ၏ ။

စိုက်ခင်းပိုင်ရှင်အား အကျိုးအကြောင်းပြောပြလေရာ ပိုင်ရှင်က မျိုးချစ်ကို ခြေဆုံးခေါင်းဆုံး ကြည့်၍

“ ဟင်းသီးဟင်းရွက်တွေ အားလုံး လတ်လတ်ဆတ်ဆတ်ချည်းပဲ၊ လမ်းခရီးမှာ မဖိတ်မစင် အောင် ယူသွားပေတော့”

ဟု ပြောလေ၏ ။

မျိုးချစ်သည် ဟင်းသီးဟင်းရွက်တောင်းကြီးကို ထမ်း၍ ကျောင်းတော်သို့ ပြန်ခဲ့လေ၏ ။ ညနေစောင်းနေသဖြင့် မကြာမီ နေဝင်တော့ပေမည်။

စမ်းချောင်းကလေးသို့ ရောက်သောအခါ သစ်လုံးတံတားပေါ်တွင် လူရွယ်အချို့ကို ထိုင်နေ သဖြင့် အံ့သြသွားလေ၏ ။

လမ်းတစ်လျှောက်လုံး လူသူအရိပ်အယောင်မမြင်ရဘဲ ပထမဆုံး လူရွယ်များကို မြင်တွေ့ရ ခြင်း ဖြစ်၏ ။ လူရွယ်များသည် အနီးအနားရွာများမှ ဖြစ်ပုံရ၏ ။ လူရွယ်အားလုံး ဖျင်ကြမ်းအင်္ကျီ ကိုယ်စီ ဝတ်ဆင်ထား၏ ။

၎င်းတို့သည် စမ်းချောင်းကို သွယ်တန်းထားသော တံတားပေါ်တွင် ထိုင်သူကထိုင်၍ လှဲသူက လှဲနေကြ၏ ။

မျိုးချစ် စမ်းချောင်းတစ်ဘက်သို့ ဖြတ်သန်းရန် လူငယ်များကို နေရာရှေ့ခိုင်းရပေတော့မည်။

မျိုးချစ်က

“ သူငယ်ချင်းတို့ တံတားပေါ်က ခဏဖယ်ပေးကြပါဦး”

ဟု တောင်းပန်လိုက်လေ၏ ။

ထိုအခါ ကိုယ်ခန္ဓာ ထွားကျိုင်းပြီး မျက်နှာနီသော လူရွယ်က ငုံ့စောင်းကြည့်၍

“ ဒီမှာ ငါတို့ တံတားပေါ်မှာ အလကားထိုင်နေတာ မဟုတ်ဘူး၊ ငါးမျှားနေတာ၊ မင်းကို ဖယ်မပေးနိုင်ဘူး”

ဟု လေသံမာမာဖြင့် ပြောလေရာ ကျန်လူငယ်များက မျိုးချစ်ကို ကြည့်၍ ဝိုင်းဝန်းရယ်မောကြလေ၏။

လူငယ်များသည် ယဉ်ကျေးမှုရှိပုံမရဘဲ ရိုင်းစိုင်းကြပုံရ၏။

မျိုးချစ်က သက်ပြင်းချ၍

“ ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ငါက ဆက်ပိုရိကျောင်းတော်ကပါ၊ ကျောင်းတော်ကို နေမဝင်မီ အရောက်ပြန်ရမှာမို့ပါ”

ဟု တောင်းပြန်လိုက်ပြန်၏။ မျက်နှာနီနီနှင့် လူရွယ်က မျက်နှာရှုံ့မဲ့သွားပြီး

“ ဒီမှာ ဟော့ကောင် အပိုပြောမနေနဲ့၊ မင်းကို ဆက်ပိုရိကျောင်းကမှန်းသိလို့ တမင် လမ်း ဖယ်မပေးတာကွ၊ ဆက်ပိုရိကျောင်းက ကောင်တွေဟာ အမြင်ကပ်ဖို့ သိပ်ကောင်းတယ်၊ တို့ ရွာသားတွေနဲ့ တစ်ယောက်မှ မတည့်ဘူး၊ စမ်းချောင်းကို ဖြတ်ဖို့ အချိန်မရရင် မင်းဘာသာ စမ်းချောင်းထဲ ဆင်းဖြတ်ပေတော့၊ ငါတို့ကတော့ ဖယ်မပေးနိုင်ဘူး”

ဟု လူမိုက်ဆန်ဆန် ပြောလေ၏။

စမ်းချောင်းသည် နေအတော်နက်သဖြင့် ဟင်းသီးဟင်းရွက်တောင်းကို ထမ်း၍ ဆင်းရန်မှာ မဖြစ်နိုင်တော့ပေ။

မျိုးချစ်သည် ကျောင်းတော်သို့ နေမဝင်မီ အရောက်ပြန်ရမည်ဟူသော စကားကို ကြားယောင်ပြီး နေလုံးကို မော့ကြည့်လိုက်၏။

မကြာမီ နေဝင်တော့ပေမည်။ သူသည် လူငယ်များ၏ မိုက်ရိုင်းသော အမူအရာကို ကြည့်၍ မခံချင်စိတ်များ ဝင်ရောက်လေ၏။

အုပ်စုဖွဲ့၍ အနိုင်ကျင့်သောအလုပ်ကို သူ လွန်စွာ ရွံမုန်း၏။ ထို့ကြောင့် ၎င်းတို့အဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

သူသည် ဟင်းသီးဟင်းရွက်တောင်းကို မြေပေါ်တွင်ချ၍ စမ်းချောင်းကို သွယ်တန်းထား သော သစ်လုံးပေါ်သို့ လျှောက်လှမ်းသွားပြီး

" ဟေ့ကောင်တွေ၊ ငါ ကောင်းကောင်း ပြောနေတယ်နော်၊ ဖယ်မလား၊ မဖယ်ဘူးလား"

ဟုနောက်ဆုံးအကြိမ် မေးမြန်းလိုက်ရာ ငါးမျှားနေသော လူငယ်က

" မဖယ်ဘူးကွာ ၊ ဘာလုပ်ချင်သလဲ"

ဟု မေးမြန်းလေ၏ ။

မျိုးချစ်က စကားမတုန့်ပြန်တော့ပဲ လူငယ်၏ ရင်ဘက်ကို ဆွဲ၍ တအားစောင့်တွန်းလိုက်ရာ လူရွယ်သည် စမ်းချောင်းထဲသို့ ပြုတ်ကျသွားလေ၏ ။

ထိုအခါ မျက်နှာနီနီနှင့် လူရွယ်က မျိုးချစ်၏ ဗိုက်ကို လက်သီးဖြင့် တအားထိုးလိုက်၏ ။ မျိုးချစ်က နောက်သို့ ဆုတ်၍ ရှောင်တိမ်းပြီး ထိုသူ၏ ခြေကို သိမ်းရိုက်လိုက်ရာ စမ်းချောင်းထဲသို့ ကျသွားပြန်၏ ။

ကျန်ရှိနေသော လူရွယ်သုံးယောက်သည် မျိုးချစ်၏ ခြေမြန်လက်မြန်ရှိပုံကို မျက်လုံးပြူး သွားလေ၏ ။

မျိုးချစ်သည် ငယ်စဉ်ကပင် လွန်စွာမိုက်ကန်းကန်းနိုင်သော သူငယ်ချင်းတစ်ဦးနှင့် ပေါင်းသင်းခဲ့ဖူးသဖြင့် ရန်ပွဲများ မကြာခဏ ဆင်နွှဲဖူး၏ ။

ထိုသူငယ်ချင်းက မျိုးချစ်အား ရန်ဖြစ်သည့်အခါတိုင်း ခြေမြန်လက်မြန်ရှိဖို့လိုကြောင်းနှင့် ရန်သူကို မရပ်မနား တိုက်ခိုက်လျှင် အောင်ပွဲဆင်နိုင်ကြောင်း ဩဝါဒပေးခဲ့ဖူး၏ ။

ထိုသူငယ်ချင်း၏ ဩဝါဒအရ ကြောင်အမ်းအမ်းကြည့်နေသော လူရွယ်တစ်ဦး၏ ပေါင်ကြားကို ခြေဖြင့် ဆောင့်ကန်လိုက်ပြန်ရာ လူရွယ်သည် ချွန်ဆွခုန်ဆွဖြစ်ပြီး စမ်းချောင်းထဲသို့ ထိုးကျသွားပြန်၏ ။

ကျန်လူရွယ်နှစ်ဦးမှာ မျိုးချစ်နှင့် ထိပ်တိုက် ရင်မဆိုင်ဝံ့တော့ဘဲ နောက်သို့ ဆုတ်သွားရာ မျိုးချစ်သည် စမ်းချောင်းတစ်ဖက်သို့ ရောက်သွားလေ၏။

ထိုအခါ မျိုးချစ်က စမ်းချောင်းအနီးရှိ သစ်ကိုင်းတစ်ခုကို ဖြောင်းခနဲ ရိုက်ချိုးလိုက်ပြီး လူရွယ်များကို ချိန်ရွယ်ကာ

" တစ်ယောက်မှ ရှေ့မထိုးနဲ့ ခေါင်းကွဲသွားမယ်"

ဟု ကြိမ်းမောင်းလိုက်ရာ လူရွယ်များသည် မျိုးချစ်ကို ရန်မစဝံ့တော့ဘဲ ရှိလေ၏။

ထိုအခါမှပင် ဟင်းသီးဟင်းရွက်တောင်းကြီးကို ထမ်း၍ ကျောင်းတော်သို့ ပြန်ခဲ့လေ၏။ မျိုးချစ်အား ရန်စခဲ့သော လူရွယ်များ ရန်စနိုင်တော့သဖြင့် ဆက်ပိုရိကျောင်းသို့ နေမဝင်မီ ပြန်ရောက်ခဲ့လေ၏။

ကျောင်းတော်တံခါးဝတွင် နွားနို့ပုံးကြီးကို ထမ်းလာသော တာပုနှင့် ဆုံလေ၏။

တာပု၏ တစ်ကိုယ်လုံး ရွံ့များ အလူးလူးဖြစ်နေပြီး မျက်နှာပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ကို တွေ့ရသဖြင့် မျိုးချစ်က

" တာပု ဘာဖြစ်လာတာလဲ၊ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေတာပဲ"

ဟု ပြောလေရာ တာပုက မျက်နှာရှုံ့မဲ့လိုက်ပြီး

" ရွာက ကောင်တွေနဲ့ ရန်ဖြစ်လာတာကွ၊ ငါသွားတဲ့လမ်းမှာ ရှေ့ကပိတ်ပြီး အမျိုးမျိုး ရန်စ ကြတယ်၊ လမ်းဖယ်ပေးပါ ဆိုပြီး တောင်းပန်တာလည်း တောင်းပန်လို့မရဘူး"

ဟု ပြောလေ၏။

မျိုးချစ်သည် တာပု၏ စကားကို နားထောင်၍ အဖြစ်ချင်းတူနေသဖြင့် အံ့သြသွားလေ၏။

စားဖိုဆောင်ထဲသို့ ပြန်ရောက်သောအခါ စားဖိုမှူးကြီးက ဟင်းသီးဟင်းရွက်နှင့် နွားနို့များ ကို လက်ခံယူ၍ လက်ဖက်ရည်အိုးကြီးများကို မီးထိုးခိုင်းပြန်၏။

ညမှောင်ရီသန်းစပြုသောအခါ စားသောက်ဆောင်သို့ သွား၍ အသီးအရွက်ကြော်၊ ခေါက်ဆွဲပြုတ်နှင့် လက်ဖက်ရည်ကို သောက်ရလေ၏။

ပြီးနောက် အိပ်ဆောင်သို့ ပြန်၍ အိပ်စက်ကြသောအခါ မျိုးချစ်က တာပုဘက်သို့ လှည့်၍

“ ညနေက ဖြစ်တဲ့ ရန်ပွဲကို ပြောပြပါဦး”

ဟု မေးမြန်းလိုက်လေရာ တာပုက သူ၏ မျက်နှာမှာ ဖူးယောင်နေသော ဒဏ်ရာများကို လက်နှင့်ပွတ်၍

“ နွားနို့ပုံးကြီး ထမ်းပြီး ပြန်လာတော့ ရွံ့နွံတစ်ခုကို ဖြတ်ရတယ်ကွာ၊ ရွံ့နွံပေါ်မှာ တံထား ထိုးထားတယ်၊ တံထားပေါ်မှာ ငါနဲ့ ရွယ်တူ ကောင်းလေး ငါးယောက် လိမ်းပိတ်ပြီး ထိုင်နေတယ်၊ ဒီတော့ ငါက ဆယ်ပိုရိကျောင်းတော်ကဖြစ်ကြောင်း ပြောပြပြီးတော့ လမ်းဖယ်ပေးပါလို့ တောင်းပန်ရတယ်”

ဟု ပြောလေရာ မျိုးချစ်သည် သူ၏ အဖြစ်နှင့် တိုက်ဆိုင်နေသဖြင့် လွန်စွာအံ့သြသွားပြီး

“ ဒီတော့ ရွာသားတွေက ဆက်ပိုရိကျောင်းက ကောင်တွေဆိုရင် ငါတို့ သိပ်အမြင်ကပ် တယ်လို့ မပြောဘူးလား”

ဟု မေးမြန်းလေ၏။ မျိုးချစ်၏ စကားကြောင့် တာပုက တအံ့တသြ ကြည့်၍

“ ဟုတ်တယ်၊ ဒီအတိုင်းပြောတယ်ကွ၊ နေပါဦး၊ မင်းက ဘာဖြစ်လို့

ကြိုသိနေတာလဲ”

ဟု မေးမြန်းလေ၏။

ထိုအခါ မျိုးချစ်က စမ်းချောင်းအနီးတွင် ရန်ပွဲဖြစ်ပွားပုံကို တာပုအား ပြောပြလိုက်လေ၏။ တာပုသည် မျိုးချစ်၏ စကားကို နားထောင်၍

“ ဒါဆိုရင်တော့ မင်းနဲ့ငါ အဖြစ်ချင်း တစ်ပုံစံတည်းပဲ၊ ကျောင်းတော်ပတ်ဝန်းကျင်က ရွာသွားတွေက ကျောင်းတော်သားတွေဆိုရင် မနာလို ဖြစ်နေပုံရတယ်”

ဟု ရေရွတ်လေ၏။

မျိုးချစ်သည် တာပု၏ စကားကြောင့် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်၏။ ကျောင်းတော်တွင် ကျောင်းသားဟူ၍ သူတို့ နှစ်ယောက်သာ ရှိ၏ ။

အနီးအနား ရွာများမှ ၎င်းတို့အား မကျေမနပ်ဖြစ်နေခြင်းကို စဉ်းစားရခက်လှ၏။

တာပုက သူ၏ ရန်ပွဲ အတွေ့အကြုံကို ဆက်လက်ပြောပြလေ၏။

“ ငါလည်း ဒီကောင်တွေကို တောင်းပန်လို့ မရမှန်းသိတော့ ကျောင်းတော်ကို အချိန်မီ ရောက်ဖို့ ဒီကောင်တွေကို တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့် တံတားပေါ်မှာ ရှေ့ဆုံးက လမ်းပိတ်ပြီး ထိုင်နေတဲ့ကောင်ကို နွားနို့ပုံးကြီးနဲ့ ထုချလိုက်တာ ဒီကောင် တစ်ခါတည်း ပက်လက် လန်သွားတယ်၊ ပြီးတော့မှ နောက်တစ်ကောင်ရဲ့ မေးစေ့ကို ခြေနဲ့ တအားစောင့်ကန်လိုက်တယ်၊ ဒီအချိန်မှာပဲ ငါ့ကို နောက်ကနေ ခုန်အုပ်လိုက်လို့ ငါ ရွှံ့နွံထဲ ကျသွားတယ်၊ ရွှံ့နွံထဲရောက်တော့ ဒီကောင်က ငါ့ကို လည်ပင်းညှစ်ထားတယ်၊ လူက အားသိပ်သန်တော့ ငါ ရုန်းလို့ မလွတ်နိုင်ဘူး”

ဟု ပြောလေရာ မျိုးချစ်က စိတ်ဝင်တစားဖြင့်

“ ဒီတော့ မင်းက ဘယ်လို လုပ်လိုက်သလဲ”

ဟု မေးမြန်းလေ၏။

တာပုက

“ ကြာရင် ငါရှုံးတော့မယ်ဆိုတာ သိလို့ သူရဲ့ပေါင်ကြားကို တအားဆောင့်ထိုးလိုက်တယ်၊ ဒီတော့မှ သူ့လက်က လွတ်ပြီး ရွံ့နွံပေါ်က ပြန်တက်နိုင်တယ်၊ ကုန်းပေါ်ရောက်တော့ တစ်ယောက်က ဆီးကြိုပြီး ငါ့မျက်နှာကို ခြေထောက်နဲ့ လှမ်းကန်တယ်၊ တစ်ပြိုင်တည်း ကြယ်တွေ လတွေ မြင်သွားတာပဲ၊ ငါလည်း သူ့ခြေထောက်ကို တအားဆောင့်ဆွဲပြီး ရွံ့နွံထဲ ဆွဲချလိုက်တယ်၊ ဒီအချိန်မှာ ကုန်းပေါ်က နောက်တစ်ကောင်က ငါ့ကို ဆီးရိုက်ဖို့ ပြေးလာတယ်၊ ငါလည်း နောက်တစ်ကြိမ် ကြယ်တွေ လတွေ မြင်မှာ စိုးတာနဲ့ မြေကြီးပေါ်က သဲတစ်ဆုပ်ကို ယူပြီး သူ့ မျက်လုံးထဲဝင်အောင် လုပ်လိုက်တယ်၊ မျက်လုံးထဲ သဲတွေဝင်ပြီး ဒီကောင် မမြင်မစမ်း ဖြစ်နေတုန်းမှာ ရွံ့နွံထဲကို ဆောင့်ကန်ချလိုက်တယ်”

ဟု ပြောလေရာ မျိုးချစ်က တဟားဟား ရယ်မော၍

“ မင်းတိုက်ခိုက်တာ သိပ်ကောင်းတယ်၊ ဒီကောင်တွေ အားလုံး ရွံ့နွံထဲကျကုန်တာပေ့ါ”

ဟု ချီးမွမ်းလိုက်လေ၏။

တာပုက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ရွံ့နွံထဲကျတော့မှ ဒီကောင်တွေလည်း မှတ်လောက်သားလောက်ရှိသွားပြီး ငါ့ကို မနှောက်ယှက်ရဲတော့ဘူး၊ ဒီတော့မှ နွားနို့ပုံးကြီးထမ်းပြီး ပြန်လာခဲ့တယ်”

ဟု ဆိုကာ မျိုးချစ်၏ ရန်ပွဲအကြောင်းကို မေးမြန်းလေ၏။

မျိုးချစ်ကလည်း သူနဲ့ ရွယ်တူကောင်းလေးများ၏ ရန်ပွဲကို ပြန်လည်ပြောဆိုလေ၏ ။

နောက်တစ်နေ့တွင် ဘုရားဝတ်ပြုပြီးချိန်တွင် မျိုးချစ်တို့အား လွန်စွာ သန်မာထွားကြိုင်း သော ဘုန်းကြီးတစ်ပါးက လာရောက်ခေါ်ယူသွားလေ၏ ။

ကျောင်းတော်၏ အနောက်ဘက် မြေကွက်လပ်တွင် ကိုရင်များကို သိုင်းပညာ သင်ပေးနေ ကြောင်း တွေ့ရ၏ ။

မျိုးချစ်တို့ကို လာရောက်ခေါ်ယူသော ဘုန်းကြီးက

“ မင်းတို့ ယနေ့စဉ် ဘုရားဝတ်တက်ပြီးတိုင်း ဒီမှာ သိုင်းပညာ သင်ရမယ်၊ သိုင်းသင်တန်း ပြီးရင် စားဖိုဆောင်မှာ အလုပ်ပြန်ဝင်ရမယ်”

ဟု ဆိုကာ သိုင်းသင်ပေးသော ဘုန်းကြီးလက်သို့ အပ်လိုက်လေ၏ ။

ထိုဘုန်းကြီးထံတွင် သိုင်းပညာသင်ယူနေသော ကိုရင် အယောက် (၂၀) ခန့်ရှိပြီး ကျောင်း သားဆို၍ မျိုးချစ်နှင့် တာပု နှစ်ယောက်သာ ရှိ၏ ။

ကိုရင်များအနေဖြင့် သိုင်းပညာသင်ယူရန် ဝါသနာရှိက သင်ယူနိုင်ပြီး ကျောင်းသားများ အနေဖြင့် သိုင်းပညာကို မသင်မနေရ သင်ယူရကြောင်း သိရလေ၏ ။

တိဘက်ရှိ လားမားကျောင်းတော်များ အားလုံးလိုလို သိုင်းပညာသင်ပေး၏ ။

သိုင်းပညာကို တိဘက်ဘာသာဖြင့် ဆုန် ကတြူ ကျောမ် ပတူဒေပေါ မလံလပေ့ါ ဟု ရှည်လျားစွာ ခေါ်ဝေါ်ကြ၏ ။

ဆက်ပိုရိကျောင်းတော်တွင် သင်ကြားပေးသော သိုင်းပညာမှာ

အခက်ခဲဆုံးနှင့် အဆင့်အ မြင့်ဆုံး ဖြစ်၏ ။ ကျောင်းတော်တွင် သိုင်းပါရဂူကြီးများစွာရှိကြောင်း သိရ၏ ။

သိုင်းဆရာဘုန်းကြီးက မျိုးချစ်နှင့် တာပု၏ ခန္ဓာကိုယ် အဆက်အပေါက်ကို ကြည့်၍

“ မင်းတို့နှစ်ယောက်စလုံး ကြံ့ခိုင်သန်စွမ်းကြတယ်၊ သိုင်းပညာသင်ရင် ထူးချွန် ထက်မြက်မယ့်ပုံပဲ၊ ဒါကြောင့် သိုင်းပညာကို ကောင်းကောင်းသင်ယူကြပါ၊ လေ့ကျင့်ခန်းတွေက တော့ ပင်ပန်းဆင်းရဲလိမ့်မယ်၊ ဒါပေမဲ့ ဆက်ပိုရိကျောင်းတော်သားတွေဟာ ထူးချွန်ထက်မြက်တဲ့ အစဉ်အလာရှိတဲ့အတွက် ကျောင်းတော်ရဲ့ ဂုဏ်သိက္ခာကို မကျဆင်းအောင် ကြိုးစားကြပါ”

ဟု ပြောဆိုလေ၏ ။

ထို့နောက်တွင်မူ မျိုးချစ်နှင့် တာပုအား ကျောင်းဝင်းကြီးကိုပတ်၍ တစ်နေ့လျှင် ၁၀ ခေါက် ပြေးရန် ပြောဆိုသဖြင့် မျိုးချစ်တို့သည် မျက်လုံးပြူးသွားလေ၏ ။

ဆက်ပိုရိ ကျောင်းဝင်းကြီးသည် လွန်စွာကျယ်ဝန်းလှသဖြင့် ကျောင်းဝင်းကို နေ့စဉ် ၁၀ ပတ် ပတ်ရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပေ။

ဘုန်းကြီးက ဆက်လက်၍

“ ကျောင်းတော်ကို ပတ်ပြေးတဲ့အခါ ဒုန်းစိုင်းပြီး မပြေးကြနဲ့၊ အေးအေးသက်သာ ပြေးပါ၊ ဒုန်းစိုင်းပြီးပြေးရင် တစ်ပတ်နှစ်ပတ်နဲ့ အမောဆို့ပြီး လဲကျသွားမယ်၊ မင်းတို့ တစ်ပတ်ပြေးပြီးတိုင်း ကျောင်းရှေ့မှာ ရပ်စောင့်နေတဲ့ ကိုရင်စီက ကြေးပြားတစ်ပြား ရအောင် တောင်းပါ၊ ၁၀ ပတ် ပြည့်ရင် ကြေးပြား ၁၀ ပြားရလိမ့်မယ်၊ ကြေးပြား ၁၀ ပြားရပြီးရင် ငါ့ဆီကို ပြန်လာပြီး ကြေးပြားတွေကို အပ်ပါ၊ ကြေးပြား ၁၀ ပြားမပြည့်ရင် မင်းတို့ စားသောက်ဆောင် ဝင်ခွင့် ရမှာ မဟုတ်ဘူး”

ဟု ပြောဆိုလေ၏ ။

မျိုးချစ်နှင့် တာပုအား နေ့စဉ် ကျောင်းတော်ကို ၁၀ ပတ် အပြည့်ပြေးအောင် စိတ်မံထား ခြင်း ဖြစ်၏ ။

မျိုးချစ်တို့သည် ပထမဆုံး နှစ်ပတ် သုံးပတ်မှာပင် လျှာထွက်မတက် ပင်ပန်းနေပြီး တာပုက မျက်နှာရှုံ့မဲ့ပြီး

“ ဒီဘုန်းကြီး ဘာကောင်းသလဲ၊ ငါတို့ကို သိုင်းသင်ပေးမယ်ဆိုပြီး အပြေးသင်ပေးတယ်၊ ရန်သူလာရင် တိုက်ခိုက်ဖို့ထက် ထွက်ပြေးဖို့ကိုပဲ အဓိက သင်ပေးသလား မသိဘူး”

ဟု မကျေမနပ် ရေရွတ်လေ၏ ။

မျိုးချစ်တို့သည် တစ်ပတ်ပြည့်အောင် ပြေးပြီးတိုင်း ကျောင်းရှေ့တွင် ထိုင်စောင့်နေသော ကိုရင်းလေးထံမှ ကြေးပြားတစ်ပြားကို တောင်းယူရလေ၏ ။

တစ်လခန့် ကြာသောအခါ တာပုက စတင်ညည်းညူစပြုလာလေ၏ ။

“ ငါတို့နှစ်ယောက်ကို ကျောင်းသားအဖြစ် လက်ခံပြီး ပညာသင်ပေးမယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လားကွ၊ သိုင်းသင်တန်းမှာလည်း တစ်နေ့မှ သိုင်းသင်ရတယ် မရှိဘူး၊ ကျောင်းကြီးကိုပဲ ပတ်ပြေးနေရတယ်၊ ဒီနေ့အထိ ဘာပညာမှလည်း သင်မပေးသေးဘူး၊ နေ့လည်ကနေ ညမိုးချုပ် အထိ စားဖိုဆောင်မှာပဲ အချိန်ကုန်နေရတယ်၊ စားတော့လည်း တစ်နေ့လာလည်း အသီးအရွက် ကြော်နဲ့ ခေါက်ဆွဲပြုတ်၊ ဘုန်းကြီးတွေလိုလဲ လက်ဖက်ရည်ကို အိတ်နဲ့ သယ်ခွင့်မရသေးဘူး”

ဟု ပြောလေ၏ ။

တိဘက်ဒေသရှိ ဘုန်းကြီးတိုင်းတွင် လက်ဖက်ရည်ထည့်ရန်

သားရေအိတ်ဆောင် ရပါသည်။ လက်ဖက်ရည်မှာ အခြားနိုင်ငံ လက်ဖက်ရည်များနှင့်မတူပဲ ထောပတ်အကောင်းစား ထည့်ဖျော်ထားသော ထောပတ်လက်ဖက်ရည်ပင် ဖြစ်ပါ၏ ။

မျိုးချစ်က တာပု၏ စကားကို နားထောင်၍ မျက်မှောင် ကြုတ်စဉ်းစားလိုက်ပြီး

" ငါတို့ရဲ့ ဓွဲလုံ့လဝီရိယကို ခက်ခက်ခဲခဲ စမ်းသပ်ပြီး ဒီလိုမျိုးတော့ မထားပါဘူးကွာ၊ တစ်နေ့နေ့မှာ လေးနက်တဲ့ပညာတွေ သင်ပေးမှာပါ၊ စိတ်ရှည်ရှည်ထားစမ်းပါ"

ဟု နားချလေ၏ ။

ထိုနေ့မှာပင် မျိုးချစ်တို့ အပြေးလေ့ကျင့်ရာသို့ ဘုန်းတော်ကြီး တစ်ပါး ရောက်ရှိလာပြီး

" ဒီနေ့ကစပြီး မင်းတို့နှစ်ယောက် စားဖိုဆောင်ကို ညကျမှ သွားရမယ်၊ နေ့လယ်တိုင်းမှာ ငါခိုင်းတာ လုပ်ရမယ်"

ဟု ဆိုကာ မျိုးချစ်တို့အား ကျမ်းစာများထားရာ အခန်းကို ခေါ်ဆောင်သွားလေ၏ ။

တာပုက လေသံတိုးတိုးဖြင့်

" ငါတို့တော့ ကံဆိုးပြန်ပြီနဲ့တူတယ်၊ ဘာတွေ ခိုင်းဦးမလဲမသိဘူး"

ဟု ရေရွတ်လေ၏ ။

မျိုးချစ်သည် ရှေ့က ဦးဆောင်ခေါ်သွားသော ဘုန်းကြီး၏ လက်ဖဝါးကို မသိမသာ ခိုးကြည့် လေ၏ ။ သူ့အဒေါ်က လက်ဖဝါးတွင် ကြယ်ငါးပွင့် ရေးထိုးထားသော ဘုန်းကြီးကို တွေ့လျှင် ကဗျာလေးတစ်ပုဒ်ရွတ်ဆိုရန်လည်း သင်ကြားပေးလိုက်၏ ။

သူသည် ဘုန်းကြီးများကို တွေ့တိုင်း လက်ဝါးတွင် ကြယ်ငါးပွင့် ရှိမရှိ မသိမသာ ခိုးကြည့် ရလေ၏ ။

သို့သော် ယနေ့ထက်တိုင် လက်ဖဝါးတွင် ကြယ်ငါးပွင့် ရှိသော ဘုန်းကြီးကို မတွေ့ရ သေးပေ။

မျိုးချစ်တို့အား ရှေ့မှ ဦးဆောင်ခေါ်သွားသော ဘုန်းကြီးသည် ကျမ်းစာများထားရာ အခန်းကို ဖွင့်လိုက်ပြီး ပြောင်လက်နေသော ကြမ်းပြင်ကို လက်ညှိုးညွှန်ပြကာ

“ မင်းတို့နှစ်ယောက် ဒီနေ့ကစပြီး အပြေးလေးကျင့်ပြီးတာနဲ့ ဒီအခန်းက ကြမ်းတွေကို တိုက်ပေးရမယ်၊ ကြမ်းတိုက်ဖို့ ဖျင်ကြမ်းစတွေကို အခန်းထောင့်က ကျွန်းသေတ္တာထဲမှာ လိုသလောက် ယူနိုင်တယ်၊ ကြမ်းတိုက်တဲ့အခါ စိတ်ကို ဟိုဒီမတွေးရဘူး၊ တိုက်နေတဲ့ ကြမ်းမှာပဲ စိတ်ကို နှစ်မြှုပ်ထားရမယ်၊ စကား လုံးဝ မပြောရဘူး၊ အိမ်အကြောင်း မတွေးရဘူး၊ ကိုယ့်စိတ်ဟာ ကိုယ်တိုက်တဲ့ ကြမ်းပေါ်မှာပဲ ရှိရမယ်၊ စိတ်လွင့်မျောတာကို လုံးဝခွင့်မပြုဘူး၊ ဒါဟာ ကျောင်းတော်ရဲ့ ကျင့်စဉ်တစ်ခုပဲ၊ မင်းတို့ စိတ်တွေဟာ လွင့်မျောမှုမရှိဘူးဆိုပြီး ငါ့ကို ညာလို့ မရဘူး၊ ငါ့ကို ညာရင် ညာမှန်းသိတယ်၊ စိတ်လွင့်မျောတဲ့သူဟာ ကျောင်းတော်ရဲ့ ပညာကို သင်ကြားခွင့်မရဘူး၊ ဒီကျမ်းစာတိုက်ပတ်ဝန်းကျင်မှာ မင်းတို့ နှစ်ယောက်ကလွဲလို့ ဘယ်သူမှ မရှိဘူး၊ ဒါကြောင့် တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင် ရှိတယ်၊ ကြမ်းတိုက်ရင် ကိုယ့်စိတ်ကို ကိုယ်ငြိမ်အောင် ကြိုးစားကြပါ”

ဟု ပြောဆိုပြီး ထွက်ခွာသွားလေ၏ ။

“ဒီလောက်ပျင်းစရာကောင်းတဲ့ ကျမ်းစာတိုက်ထဲမှာ စကားတစ်ခွန်းမှ မပြောဘဲ ကြမ်းကိုပဲ ဖိတိုက်ရမယ်တဲ့၊ စိတ်ကိုလည်း ကြမ်းထဲမှာပဲ မြှုပ်နှံထားရမယ်တဲ့၊ ဒီလောက် ကံဆိုးတာ ရှိပါဦးမ လား၊ သီချင်းလေးတအေးအေးနဲ့ စကားပြောဆိုပြီး ကြမ်းတိုက်ရရင် တော်သေးတယ်၊ စိတ်ကို ကြမ်းတိုက်တဲ့အထဲမှာ

မြှုပ်နှံထားရမယ်တဲ့၊ ဘယ်လို မြှုပ်နှံရမှာလဲ”

ဟု ညည်းညူလေ၏ ။ မျိုးချစ်က သက်ပြင်းချ၍

“ ကြိုးစားကြည့်ကြတာပေ့ါကွာ၊ ငါတို့ရဲ့ စိတ်တွေတည်ငြိမ်အောင် အလေ့အကျင့်လုပ်ပေး တာနဲ့ တူပါတယ်”

ဟု နှစ်သိမ့်လေ၏ ။ တာပုက ခေါင်းခါ၍

“ စိတ်တည်ငြိမ်အောင် လုပ်ချင်ရင် လွယ်လွယ်လေးပဲကွ၊ ငြိမ်သက်နေတဲ့ နေရာမှာ သွားပြီး သမထထိုင်ခိုင်းပေ့ါ၊ ဒါဆိုရင် သမာဓိရပြီး စိတ်တည်ငြိမ်လာမှာပေ့ါ၊ အခုတော့ ကြမ်းတိုက် ရင်း စိတ်တည်ငြိမ်အောင် လုပ်ရမယ်တဲ့၊ ဒါမျိုး တစ်ခါမှ မကြားဖူးပါဘူးကွာ”

ဟု ညည်းညူပြန်၏ ။

မျိုးချစ်က သက်ပြင်းချ၍

“ ဘာပဲ ဖြစ်ဖြစ် ငါတို့နှစ်ယောက် စိတ်လွင့်မျောနေတယ်ဆိုပြီး ကျောင်းတော်မှာ စာသင်ခွင့်မပြုတော့ဘူးဆိုရင် ခက်မယ်၊ ဒီအချိန်ကစပြီး ကြမ်းတိုက်တဲ့ လုပ်ငန်းကို စကြမယ်ဟေ့”

ဟုဆိုကာ အဝတ်ကြမ်းများကို ခေါက်၍ ကြမ်းကို စတင်တိုက်လေ၏ ။

ကြမ်းတိုက်ရင်း လွင့်မျောနေသော စိတ်ကို အလုပ်ထဲတွင် မြှုပ်နှံရန် ကြိုးစားရလေ၏ ။ ထိုနေ့တစ်နေ့လုံး ကြမ်းတိုက်ရာတွင် စိတ်ကိုမြှုပ်နှံ၍ မရဘဲ စိတ်သည် ဟိုဒီလွင့်မျောနေလေ၏ ။

ငယ်စဉ်က အဒေါ်နှင့်အတူ နေထိုင်ခဲ့ပုံ၊ သူ၏ အဒေါ်က မုန့်များကို လုပ်၍ ဈေးရှေ့တွင် မုန့် ရောင်းခဲ့ရပုံများကို ပြည်လည် မြင်ယောင်လာ၏ ။

ထို့နောက် သူ၏ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး ဆော့ကစားခဲ့ပုံ၊ နှစ်သစ်ကူးပွဲတော်၌ ထောပတ်အရုပ်များ ပြုလုပ်ကာ မီးထွန်းပြိုင်ကြပုံများကို

ပြန်လည်မြင်ယောင်လာ၏။

မီးထွန်းပြိုင်ပွဲသို့ တလိုင်းလားမားနှင့် ကျောင်းထိုင်ဆရာတော် ကိုယ်တိုင် လှည့်လည် ကြည့်ရှု၍ အကောင်းဆုံး မီးထွန်းနိုင်သူအား ဆုပေးလေ့ရှိရာ ကိုယ်တော်မြတ်ကိုယ်တိုင်ပေးသော ဆုတံဆိပ်ကို ရရှိခဲ့ပုံများကိုသတိရပြန်၏။

သူသည် တစ်နေကုန် ငယ်စဉ်ဘဝ ပျော်ရွှင်ပွဲများကို အောက်မေ့နေမိ၏။ သူတို့ တိဘက် ဒေသတွင် ၁၂ လ ရာသီ လုံးလုံး ပွဲတော်များရှိသဖြင့် ပျော်ရွှင်ဖွယ် အတိဖြစ်၏။

ညနေစောင်းသောအခါ သူတို့အား ကြမ်းတိုက်ခိုင်းသော ဘုန်းကြီး ပြန်ရောက်လာပြီး

" မင်းတို့တွေ အလုပ်ထဲမှာ မြှုပ်နှံလို့ မရသေးဘူး၊ ပထမတော့ ဒီလိုပဲ၊ နောက်တော့ တဖြည်းဖြည်း အလုပ်ထဲမှာ နစ်မြှုပ်လာနိုင်မယ်၊ နောက်နေ့ကစပြီး ကြမ်းပြင်ရဲ့ အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကို တစ်ယောက်တစ်ဝက်ခွဲပြီး တိုက်ရမယ်၊ တစ်ယောက် တာဝန်ယူတဲ့အပိုင်းကို နောက်တစ်ယောက်က ဝင်မတိုက်ရဘူး၊ ဒါ စည်းကမ်းပဲ"

ဟု ပြောလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ ကြမ်း တိုက်သောအလုပ်၌ စိတ်အာရုံကို အတန်းငယ် မြှုပ်နှံနိုင်လေ၏။

ညနေစောင်းသောအခါ ဘုန်းကြီးရောက်လာပြန်ပြီး

" မင်းတို့ တဖြည်းဖြည်း တိုးတက်လာပြီ"

ဟု ချီးမွမ်းလေ၏။

***